# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၂)ရက် ၊ အင်္ဂါနေ့ ၊ (5-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့သို့ သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)အဆောက်အအုံအတွင်း ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)နှင့် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့သို့ သွားရောက်၍ ခင်းကျင်းပြသထားရှိမှုများနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ ရောက်ရှိပြီး စာမျက်နှာ ၁၆ ကော်လံ ၁




# ဒလမြို့နယ် သက္ကယ်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဒလ ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ တုံးတင်ဂံ(တ)ကျေးရွာအုပ်စု သက္ကယ်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံချောချောခင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သက္ကယ်ကွင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို စီမံကိန်းရန်ပုံငွေကျပ် သုံးသန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း ဒလမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံချောချောခင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ စက်မှု(၁) ၆၂ လမ်း၊ ၁၂၇ အေလမ်း မြရတနာကျောင်းဆရာတော် ရှင်ကေသဝက ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမေ္မမဏိဇောတရေဦးစိုးလင်းနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီအဖွဲ့ဝင် ဦးကိုကိုကြီးတို့က လက်ခံရယူစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၁၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၁၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၅၈၈၁ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ငရုတ် ကေ ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ ငရုတ်စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၄ ကေ၊ ခန္တီးခရိုင်တွင် ၆၈ ကေ၊ ဟုမ္မလင်းခရိုင်တွင် ကေ ၃၃၀၊ နာဂဒေသတွင် ၇၄၈ ကေ၊ မုံရွာခရိုင်တွင် ကေ ၄၃၀၊ ယင်းမာပင်ခရိုင်တွင် ၂၃၁ ကေ၊ ရွှေဘိုခရိုင်တွင် ၉၁ ကေ၊ ရေဦးခရိုင်တွင် ၇၉ ကေ၊ ကန့်ဘလူခရိုင်တွင် ၂၇ ကေ၊ စစ်ကိုင်းခရိုင်တွင် ၁၈ ကေ၊ ကသာခရိုင်တွင် ၃၅ ကေနှင့်ကောလင်းခရိုင်တွင် ၁၈ ကေ စုစုပေါင်း ၂၁၁၉ ကေတို့ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ငပုတောမြို့နယ် ရေကျော်ခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ငပုတော ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အစုအဖွဲ့စနစ်ဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ရေကျော်ခေတ်မီစံပြကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်နှင့် တာဝန်ခံဝန်ထမ်းများက RBF စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေကျော်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရေကျော်ခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည်ခဲ့ရာ ယခုအခါ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်ထံမှ သိရသည်။

**သံသာ**

# ညောင်တုန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ငါးကြင်းပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးကလဲ အခြေအနေ မဆိုးပါဘူး။ ဒီဘက်ပွဲရုံတွေကို ငါးကြင်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ပြီးခဲ့တဲ့လ ပထမပတ်လောက်ကတည်းက ပိုပြီးတင်ပို့ခဲ့ရပါတယ်။ အခြားငါးတွေလဲ ဝယ်လိုအားတက်လာတယ်လို့ သိရပါတယ်။ အခုလို ငါးကြင်းတွေ ဝယ်လိုအားတက်လာလို့ ပွဲရုံပိုင်ရှင်တွေ၊ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ငါးတွေဝယ်ယူအားတက်လာပေမဲ့ ဈေးကတော့ သိပ်မတက်သေးပါဘူး"ဟု ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်း ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦး ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဦးထွန်းညိုနှင့် ဦးတိုးတို့၏ မင်းနန်စည်ချောင်း

ပြေအေးသက်

စစ်ကိုင်းမင်း မင်းနန်စည်သည် ဘိုးတော်ဘုရား၏ မြေးတော်ဖြစ်ပြီး နောင်တွင် ကုန်းဘောင်မင်းဆက် ၁၁ ဆက်တွင် သတ္တမမြောက်ဘုရင်ဖြစ်ခဲ့သည်။ ၎င်းသည် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်း သတိုးမဟာဓမ္မရာဇာနှင့် သမီးတော်တောင်တွင်းကြီးစား တို့က ၁၁၄၆ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် ညဉ့် သန်းခေါင်ကျော်တွင် ဖွားမြင်သည်။ မြပုခက်တင် မင်္ဂလာအခမ်းအနားကို ထိုနှစ် ဝါခေါင်လဆန်း ၁၄ ရက်တွင်ပြုလုပ်ရာ ဦးထွန်းညို၏ မင်းနန်စည်ချောင်း နှစ်စောင်နှင့် ဦးတိုး၏ မင်းနန်စည်ချောင်း တစ်စောင် တို့သည် ဝါခေါင်လဆန်း ၁၄ ရက်တွင် ရေးသားစပ် ဆိုပြီးဖြစ်နေကြလေပြီဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ချောင်းဟူသည် ဘုရင်တို့၏သားတော်၊ သမီးတော်၊ မြေးတော်နှင့် မြစ်တော်များ ပုခက်တင် မင်္ဂလာအခမ်းအနားတွင် သီဆိုရသောနန်းတွင်း ချောင်း၊ နန်းတွင်းပုခက်လွှဲသီချင်းဖြစ်သည်။ ထိုမြပုခက်တော်တင် မင်္ဂလာအခမ်းအနားတွင် အဘိုးဖြစ်သူ ဘိုးတော်ဘုရားက မင်းနန်စည်ကို စစ်ကိုင်းမြို့ကိုပေးခဲ့သောကြောင့် စစ်ကိုင်း မင်းနန်စည်ဟုလည်း အမည်တွင်သည်။

**စစ်ကိုင်း မင်းနန်စည်နှင့် ဘွဲ့မည်ရည် ခုနှစ်ရပ်**

ငယ်အမည်မှာ မောင်စိန်ဖြစ်ပြီး ဖွားတော်မူစက ပင် စစ်ကိုင်းမြို့ကို စားရသောကြောင့် စစ်ကိုင်းမင်း ဟူ၍လည်းကောင်း၊ သာယာဝတီမင်း (ရွှေဘိုမင်း)၏ နောင်တော်ဖြစ်၍ နောင်တော်ကြီးမင်း ဟူ၍ လည်းကောင်း၊ ရတနာပူရ (အင်းဝ) စတုတ္ထမြို့တည် မင်းတရား ဟူ၍လည်းကောင်း၊ ရွှေနန်းတော်၌ ဖလ်မှန်အများအပြား ထည့်သွင်းတည်ဆောက်ထား သဖြင့် ဖလ်နန်းရှင် ဟူ၍လည်းကောင်း၊ နန်းစံသက် ၁၈ နှစ်အတွင်း ဆင်ဖြူတော်များ ဆက်သခံရ၍ ဆင်ဖြူများရှင် ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ကြ သည်။ ဘကြီးတော် ဟူသောအမည်မှာ ပုဂံမင်းနှင့် မင်းတုန်းမင်းတို့၏ ဘကြီးတော်ဖြစ်၍ နောင်အခါတွင် ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ နန်းတက်ဘွဲ့အမည်မှာ သီရိတြိဘဝနာဒိတျ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာ ဓိရာဇာ ဟူ၍ဖြစ်သည်။ အိမ်ရှေ့စံဘဝကြင်ရာတော် ဆင်ဖြူရှင်မယ်နှင့် သားတစ်ဦးဖွားမြင်ပြီး ဘုရင်ဘဝ တွင် နန်းမတော်မယ်နုက မိဖုရားခေါင်ကြီးဖြစ်ကာ သားငါးယောက်၊ သမီးငါးယောက်ထွန်းကားခဲ့သည်။

**အာသံစော်ဘွား**

၁၁၈၂ ခုနှစ်မှစ၍ ထောင်ထားခြားနားနေသော မဏိပူရကသည်းတို့ကို စစ်သူကြီး မဟာဗန္ဓုလ စစ်ကြောင်းကို စေလွှတ်နှိမ်နင်းစေခဲ့သည်။ ၁၁၈၅ ခုနှစ်တွင်လည်း အာသံစော်ဘွား စန္ဒရကန္တရှိန်သည် အင်္ဂလိပ်နှင့်ပေါင်း၍ မြန်မာမင်းကို ထောင်ထား ခြားနားမည်ပြုသဖြင့် မဟာဗန္ဓုလသည် အာသံကို ချီတက်နှိမ်နင်းရပြန်သည်။ စန္ဒရကန္တရှိန်သည် အင်္ဂလိပ်တို့ပိုင်နက်သို့ ပြေးဝင်ခိုလှုံသည်။ ဘကြီး တော်မင်းတရားလက်ထက်တွင် မဏိပူရစော်ဘွား၊ အာသံစော်ဘွားတို့ကို မြန်မာတပ်များက လိုက်လံ ဖမ်းဆီးသောအခါ မြန်မာနှင့် အင်္ဂလိပ်တို့ပို၍ မသင့် မတင့်ဖြစ်သည်။ ၁၁၈၅ ခုနှစ်တွင်ပင် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်း၌ အင်္ဂလိပ်တို့ကလာ၍ အလံစိုက်ပြီး တပ်တည်မည်ပြုရာ မြန်မာတပ်များနှင့် အချင်းများ ကြပြီးလျှင် ပစ်ခတ်တိုက်ခိုက်ကြသည်။ ထိုအခါ မြန်မာတို့ဘက်မှ စစ်ကူရန် မဟာဗန္ဓုလကို ရခိုင် ပြည်သို့ တစ်ကြောင်း၊ သတိုးသုဓမ္မ မဟာသက်တော် ရှည်ကို အာသံမဏိပူရသို့ တစ်ကြောင်း ချီတက်စေ သည်။ ၁၁၈၅ ခုနှစ် တစ်ပေါင်းလ(ခရစ်နှစ် ၁၈၂၄ ခုနှစ် မတ် ၅ ရက်)တွင် အိန္ဒိယဘုရင်ခံချုပ် လော့အမ်း မတ်က အင်္ဂလိပ်နှင့် မြန်မာတို့စစ်ဖြစ်ကြောင်း ကြေညာလေသည်။

**ပန်းဝါ၊ အင်္ဂလိပ်-မြန်မာပထမစစ်နှင့် ရန္တပိုစာချုပ်**

မဟာဗန္ဓုလ၏တပ်များသည် ပန်းဝါတိုက်ပွဲ (ရာမူးတိုက်ပွဲ)တွင် အရေးသာနေချိန်၌ ရန်ကုန်မြို့ကို အင်္ဂလိပ်တပ်များက သိမ်းပိုက်လိုက်သောကြောင့် မဟာဗန္ဓုလကို ပြန်လည်ခေါ်တော်မူသဖြင့် ရန်ကုန် သို့ ချီခဲ့ရသည်။ ရန်ကုန်တွင် မြန်မာတပ်များ အရေး မလှသဖြင့် ဓနုဖြူသို့ဆုတ်ခွာပြီးလျှင် တပ်ခံသော မဟာဗန္ဓုလသည်လည်း ၁၁၈၆ ခုနှစ်တွင် ဓနုဖြူ ခံတပ်၌ ဗုံးသင့်၍ကျဆုံးကာ မြန်မာတပ်များ ပို၍ ကစဉ့်ကလျားဖြစ်ကြသည်။ စစ်ပြေငြိမ်းစာချုပ်ကို မြင်းခြံခရိုင် ရန္တပိုရွာ၌ ၁၁၈၇ ခုနှစ် တပေါင်းလ (၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ)တွင် ချုပ်ဆိုကြ၍ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲပြီးဆုံးခဲ့လေသည်။ ရန္တပိုစာချုပ်အရ အာသံနယ်၊ ရခိုင်ပြည်၊ တနင်္သာရီနယ်တို့ကို အင်္ဂလိပ် တို့ကို ပေးလိုက်ရကာ စစ်စရိတ်ငွေ တစ်ကုဋေကို လည်း ပေးရလေသည်။ ၁၁၉၉ ခုနှစ်တွင် ညီတော် သာယာဝတီမင်းက ထီးနန်းကိုတိုက်ခိုက်ရယူသူဖြစ်၍ နန်းကိုလွှဲပေးရကာ အိမ်နိမ့်စံဘဝတွင် ရှစ်နှစ်ကြာ၊ သက်တော်၆၀ နှစ်အရွယ် ၁၂၀၈ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁၀ ရက်တွင် ကွယ်လွန်ရှာသည်။ ယခု တစ်ဖန် အဆိုပါမင်း၏ချောင်းများဆီသို့လှည့်ပါဦးမည်။

> ❖မင်းနန်စည်ချောင်းမှာ သုံးစောင်ရှိပြီး တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညိုဖွဲ့ဆိုသော "ကျက်သရေညွန့်ဖူး"ချီ ချောင်းနှင့် "ဘဒ္ဒကမ္ဘာ"ချီ ချောင်း၊ သံတော်ဆင့် ဦးတိုးဖွဲ့ဆိုသော "မင်္ဂလာမှောင်ခြွေ"ချီ(ရိုးတော်ယူ)ချောင်းတို့ ဖြစ်ကြသည်။ ထိုချောင်း တို့သည် မည်သည့်ခုနှစ်သက္ကရာဇ်တွင် ရေးသားပြီးစီးကြောင်းကို တိကျစွာမပြောနိုင်ကြသော်လည်း မြပုခက်တင်မင်္ဂလာ အခမ်း အနားပြုသည့် ၁၁၄၆ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်တွင်တော့ ရေးသားပြီးစီးကြရမည်ဖြစ်သည်။ ❖

**မင်းနန်စည်ချောင်းများ**

မင်းနန်စည်ချောင်းမှာ သုံးစောင်ရှိပြီး တွင်းသင်း တိုက်ဝန် မဟာစည်သူ ဦးထွန်းညိုဖွဲ့ဆိုသော "ကျက်သရေညွန့်ဖူး"ချီ ချောင်းနှင့် "ဘဒ္ဒကမ္ဘာ"ချီ ချောင်း၊ သံတော်ဆင့် ဦးတိုးဖွဲ့ဆိုသော "မင်္ဂလာမှောင် ခြွေ"ချီ(ရိုးတော်ယူ)ချောင်းတို့ဖြစ်ကြသည်။ ထိုချောင်း တို့သည် မည်သည့်ခုနှစ်သက္ကရာဇ်တွင် ရေးသားပြီးစီး ကြောင်းကို တိကျစွာမပြောနိုင်ကြသော်လည်း မြပုခက်တင်မင်္ဂလာအခမ်းအနားပြုသည့် ၁၁၄၆ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်တွင်တော့ ရေးသား ပြီးစီးကြရမည်ဖြစ်သည်။ သို့သော်လည်း အဆိုပါ ချောင်းများတွင် ဘိုးတော်ဘုရား၏သားတော်အိမ်ရှေ့ မင်းရခိုင်ကို တိုက်ခိုက်အောင်နိုင်ပုံများကို ထည့်သွင်း စပ်ဆိုထားသောကြောင့် ထိုနှစ် တပေါင်းလထက်စော ၍ ချောင်းများပြီးစီးသည့်လက္ခဏာမရှိကြပေ။ မြပုခက် တင်မင်္ဂလာအခမ်းအနားပြီးမှသာလျှင် အပြိုင်အဆိုင် ချောင်းများ ဖွဲ့ဆိုကြသည်ဟုလည်း ဆိုကြသည်။ ထို့ပြင် မင်းနန်စည်ချောင်း နှစ်စောင်ရှိနေပေသေးရာ မိဖုရားဝန် ဇေယသင်္ခယာသီရိနန္ဒကျော်ထင်၏ "ညွန့်လန်းမင်္ဂလာ"ချီ ချောင်းနှင့် အနောက်ဝန် သီရိစည်သူ သင်္ခယာ၏ "မင်္ဂလာအောင်မြေ"ချီချောင်း တို့ ဖြစ်ကြသည်။

**"ကျက်သရေညွန့်ဖူး"ချီချောင်း**

ဤချောင်းတွင် သံတိုင် ၃၃ ပိုဒ်နှင့် သံပေါက် အပိုဒ် ၂၀ တို့ပါဝင်သည်။ သံတိုင်ပိုဒ်ရေ ၁၃ မှ ၁၇ ထိတွင် ဘေးတော် အလောင်းမင်းတရား၏ တိုင်းပြည် ထူထောင်ပုံနှင့် မြန်မာပြည်ကို စုစည်းသိမ်းသွင်းပုံ တို့ကို ရေးဖွဲ့ထားသည်။ ပိုဒ်ရေ ၁၃ ၌ " သခင်ဘေး တော်၊ မင်းမြတ်ကျော်လျှင်၊ မဇ္ဈိမဘုံးအောင်၊ ပြည်ကြီးထောင်၍၊ ကုန်းဘောင်ရတနာ၊ သိဃ်ာ သမိုက်၊ ရွှေဘိုတိုက်က၊ သိမ်းပိုက်မကြွင်း၊ လက်နက် သွင်းလျက်၊ ကျွန်းတွင်းမွေချောက်၊ ထီးဆောက်နန်း တည်၊ ရာတပြည်ကို၊ လွှံ့သည်ဖြတ်ပိုင်း၊ ယူမည် သိုင်းသော်၊ တလိုင်းငြိုးစုံ၊ မျက်မုံမပြေ၊ မြို့ရွှေမြေဝယ်၊ စစ်ခြေခဲနက်၊ မြေကွဲအက်မျှ၊ ပတ်ရက်ဆီးဆို့၊ အစို့စို့ လျှင်၊ ရွှေမြို့ပတ်လည်၊ ရန်သတ်သည်ကို၊ သက်ရှည် ရွှန်းရွှန်း၊ ကျော်သံမွန်း၍၊ ဖြန်းဖြန်းရက်ရက်၊ တိုက် လှင့်ဖျက်က၊ လက်နက်လေးမြား၊ လုံခဲ့ပစ်စွန့်၊ အဝှန့်မြားမြောင်၊ သူကောင်ခပင်း၊ တုံးလုံးခင်းလျက်၊ မနင်းကျော်ကောင်း၊ တာသောင်းလောက်စင်၊ သွေး ချောက်မြင်သည်"ဟု ဖွဲ့ဆိုထားရာ အလောင်းမင်း တရား၏ တိုက်ပွဲအောင်မြင်မှုကို မျက်ဝါးထင်ထင် မြင်ရပေသည်။

အလောင်းမင်းတရားသည် ပဲခူးသို့ ရေလမ်း ကြောင်းမှ တိုက်ပွဲဝင်ပုံကို ပိုဒ်ရေ ၁၄ တွင် ဤသို့ ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။ "မြစ်ဝကျယ်ကျယ်၊ သုံးဆယ်လှေသင်း၊ လောင်းတက်စင်းနှင့်၊ သူ့ချင်း တို့ချင်း၊ သိမ်းကာနင်းလျက်၊ အပြင်းတိုးစုတ်၊ ထိုးခုတ် ရိုက်နှက်၊ ကြည်းထက်တချို့၊ ရေသို့ပြေးဆင်း၊ ခြင်းခြင်းသွေးညှီ၊ မြစ်လုံးနီမျှ၊ ယည်သီတာဘောင်၊ သူကောင်ပေါလော၊ ကျွန်းထင်းမျောသို့၊ သောသော ထပ်ရှိ၊ လိုက်ကာဖိလျက်၊ လွတ်မိလွတ်ရာ၊ သူထက် ငါလျှင်၊ လိပ်ပြာအသက်၊ စည်ထွက်မျောစုန်၊ လှေဦး သုန်သည်၊ ကြောက်တုန်တည့်ဇေး၊ ပြန်ဇောချွေး။" ဤအဖွဲ့တွင် ရန်သူကို အပြင်းထိုးခုတ်ရိုက်နှက်ကြပုံ၊ ရန်သူ၏သွေးတို့ဖြင့် မြစ်ပြင်နီရဲနေပုံနှင့် အလောင်း များ ကျွန်းထင်းကဲ့သို့ မျောနေပုံတို့ကို သင်း၊ စင်း၊ ချင်း၊ နင်း၊ ပြင်း စသည့် အင်းကာရန်တို့ကို နင်းထပ် ကာ ယူသွားသောကြောင့် မဆုတ်မနစ် တိုက်ပွဲဝင် နေပုံကို ထင်ရှားစေသည်ကို တွေ့ရသည်။ ထို့ပြင် "ထိုးခုတ်ရိုက်နှက်"ဟူသည့် ကြိယာ လေးခုတွဲတွင် ကြိယာအစဉ်အလိုက် ပိုမိုပြင်းထန်လာပြီး "ထိုး" ဟူသည့် ကြိယာနောက်တွင် "ခုတ်"၊ "ရိုက်"၊ "နှက်" ဟူသော သံပြတ်သံ သုံးခုကြောင့် ပြတ်ပြတ်သားသား အနိုင်ရလိုက်ကြောင်း ပေါ်လွင်လာခဲ့သည်။

ထို့ပြင် အပိုဒ်ရေ ၁၇ ၌ ကသည်းတို့ကိုအောင်မြင် ခြင်းနှင့် ယိုးဒယားကို အောင်နိုင်ခြင်းတို့ကို ဤသို့ ဖွဲ့ဆိုထားပြီး ဘေးတော်အလောင်းမင်းတရား၏ အောင်မြင်မှုများကို ချောင်းအဖွဲ့ခံမင်းသားလေး အားကျစေရန်ရည်ရွယ်၍ ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ချောင်းသည် ပုခက်လွှဲသီချင်းမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တက်ကြွစေသည့် အဖွဲ့အနွဲ့များပါဝင်နေခြင်းကြောင့် အရုပ်ကလေး ချော့တေးနှင့် ကွဲပြားခြားနားခြင်းပင်ဖြစ်သည်။ "ကသည်းရုပ်သိး၊ အောင်မြင်ပြီး၍၊ ပြည်ကြီးသိဃ်ာ၊ ရတနာနှိုက်၊ ထွန်းဝါနေနှယ်" ဟူ၍ လည်းကောင်း၊ " ရိုက်ကြည်းမြေမိုး၊ တန်ခိုးဖြန့်လျက်၊ အာဏာစက် ဖြင့်၊ လမ်းဆက်ဖြည်းညင်း၊ တရှင်းရှင်းတည့်၊ ဖြည့်တင်းချီသား၊ ယိုးဒယားသို့၊ ဘဝါးချနင်း၊ ရွှေစက်ချင်း ၍"ဟူ၍လည်းကောင်း စပ်ဆိုထားသည် ကို ဇာတိမာန်တက်ဖွယ်တွေ့ရှိရသည်။ ထို့တွင် ဦးထွန်းညိုစပ်ဆိုသည့် နောက်ထပ်မင်းနန်စည်ချောင်း တစ်ပုဒ်ဖြစ်သော "ဘဒ္ဒကမ္ဘာ"ချီ ချောင်းမှာ မျိုးတော်စဉ် ဆွေတော်ဆက်ကို ဖွဲ့ဆိုထားသော ချောင်းမျှသာဖြစ်သည်။

**"မင်္ဂလာမှောင်ခြွေ"ချီ(ရိုးတော်ယူ)ချောင်း**

သံတော်ဆင့် ဦးတိုးအနေဖြင့် ဤမင်းနန်စည် ချောင်းကို ရေးဖွဲ့ပြီးနောက် ရာမရကန် ၃၄ ပိုဒ်နှင့် တောင်ငူမင်းနတ်သျှင်နောင်၏ "ဆွတ်ပျံ့ဖွယ်အောင်" ချီအဖြေတို့အပြင် အခြားစာများကိုလည်း ရေးဖွဲ့ခဲ့ သေးသည်။ ဆင်ဖြူရှင်မင်းနှင့် စဉ့်ကူးမင်းလက်ထက် တွင် ရတု၊ ကဗျာ၊ သီချင်း၊ ဆောင်းပါးများရေးသား ခဲ့သောကြောင့် ဆောင်းပါးမောင်တိုးဟုပင် အမည် တွင်ခဲ့သည်။ မင်းနန်စည်၏ ဖခင် အိမ်ရှေ့မင်း၏ အမိန့်အရ ရာမရကန် ၃၄ ပိုဒ်ကို ရေးဆက် တင်သွင်းရာမှ သံတော်ဆင့်အရာနှင့် ရွှေကိုက်စိုး အရာတို့ကို ခန့်အပ်တာဝန်ပေးခြင်း ခံရလေသည်။ ဦးတိုး၏ မင်းနန်စည်ချောင်းတွင် သံတိုင် ၈၇ ပိုဒ်နှင့် သံပေါက် ၁၇ ပိုဒ်တို့ပါဝင်သည်။ ထိုချောင်းတွင် ဘေးတော်အလောင်းမင်းတရား၏ တိုက်ပွဲအောင် မြင်မှုကို ပိုဒ်ရေ ၁၇ မှ ၄၃ ထိ၊ သားတော်ကြီး နောင်တော်ကြီးမင်း၏ တိုက်ပွဲအောင်မြင်မှုများကို ပိုဒ်ရေ ၄၄မှ ၄၆ထိ၊ သားတော်လတ် ဆင်ဖြူရှင်မင်း၏ အောင်ပွဲများကို ပိုဒ်ရေ ၄၇ မှ ၅၁ ထိနှင့် သားတော်ငယ် ဘိုးတော်ဘုရား၏ တိုက်ပွဲအောင်မြင်မှုများကို ပိုဒ်ရေ ၅၂ မှ ၇၀ ထိ ဖွဲ့ဆိုခဲ့သည်။

အလောင်းမင်းတရားက ခင်ဦးစား သစ္စာမခံဘဲ တိုက်ခိုက်ရပုံကို ပိုဒ်ရေ ၂၀၌ "ခင်ဦးတလျှောက်၊ မင်းမာန်ပေါက်၍၊ တယောက်ငါ့ပြိုင်၊ ဘယ်မှာခြင်အုံ၊ ရွှေဘိုဆီသို့၊ မထီလေးစား၊ ရှည်ထိပ်ပါးကာ၊ ဘုရားဘေး တော်၊ လောင်းမဟော်သို့၊ ကျူးကျော်ရွှေဉာဏ်၊ လွှင့်လိုက်လှန်သည်၊ မြန်မြန်တည့်ဆုတ်ပြေး ကြောက်တုန်ဇေ"ဟူ၍လည်းကောင်း၊ တလိုင်းမွန်တို့ ရွှေဘိုကို လာရောက်တိုက်ခိုက်၍ မြင်းရည်တက် ၆၈ ဦးဖြင့် နှိမ်နင်းရပုံကို ပိုဒ်ရေ ၂၂ တွင် "မြို့ရွှေဘိုကို၊ ဗိုလ်သင်္ချေတပ်၊ ရာထောင်ထပ်၍၊ မလပ်ဝန်းခြံ၊ ပျားနှယ်အုံသော်၊ ကိုယ်ယုံရဲဘော်၊ မျိုးတော်ကျွန်စစ်၊ ခြောက်ကျိပ်ရှစ်နှင့်၊ ဘိုးချစ်ရှင့်ဘ၊

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပညာသည်သာ အမြတ်ဆုံး

- ပညာလိုသော် မပျင်းကြနှင့်
အလင်းရဖို့ ကြိုးစားရှာ၊
အသိပညာသည် အမှောင်ခွင်းလို့
အရောင်ဝင်းကာ၊
အမြဲမပြတ် သင်ယူပါ
အလိမ္မာ စာမှာရှိ၊
အတတ်ပညာ လေ့လာကြလို့
မမေ့တွေ့ထိ။

- အားလပ်ချိန် စာပေကြည့်တော့
စာပေအသိ တိုးပွားလာ၊
အမှားအမှန် ခွဲခြားတတ်လို့
မမှားနှောင်ခါ၊
ဗဟုသုတများ စုံလင်စွာ
လေ့လာပါ သုတပွား၊
ပန်းတိုင်ကို လှမ်းကိုင်ဖို့
စွမ်းဆောင်ကြိုးစား။

- အခက်ခဲကြုံ အားတင်းထားလို့
မှားခြင်းများလည်း ကြုံရပေ၊
လဲလျှင် ပြန်ထလို့
ကြံဆရမလေ၊
ဖွဲလုံ့လ အခြေခိုင်စေ
ဉာဏ်ပညာတွေ ဆင်ခြင်သုံး၊
မြတ်ပညာ တတ်မြောက်လေတော့
မှတ်ကျောက်တင်ခံ ရွှေသားလို
အဖြေမှားကာ ဂုဏ်ထူးတွေနှင့်
ဦးမော့ကာပြုံး။ ။

ရွှေတိုး(ထုံးဘို)

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၀၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၀၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၂၁၆၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း အစေ့ထုတ်ပြောင်း ဧက ၂၁၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၀၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေအောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

တခဏတိ၊ သူရာတပ်ကို၊ သိကြားဖြိုသို့၊ ခဲငြိုမငြင်၊ တိုက်လိုက်နှင်က၊ မရှင်ကောင်သေ၊ အသချေ်တိ"ဟူ၍ လည်းကောင်း၊ ဘုန်းတော်ကို ကြောက်ရွံ့၍ မင်းအပေါင်းတို့ လက်ဆောင်ပဏ္ဏာဆက်ရပုံကို ပိုဒ်ရေ ၄၁ တွင် "ထားဝယ်လင်းဇင်း၊ တနင်္သာရီ၊ ရေသီတာလည်၊ အစည်မာလကာ၊ မလ္လာယုကျွန်း၊ ဖြူဝန်းရိပ်ကျင်း၊ ထီးဆောင်းမင်းတို့၊ သည်းတွင်တုန်နန့်၊ ကြားကလန့်၍၊ စင်သန့်ပစ်ကွာ၊ ကညာမြင်းဆင်၊ ရွှေဖျင်မှိုင်းလုံး၊ ဘိုးကျုံးပြောက်ထိုး၊ ထည်မျိုးအုပ်ပေါင်း၊ ရွှေချောင်းငွေလျက်၊ ကိုယ်စီဆက်၍၊ အသက်အပ်နှံ" ဟူ၍လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

**ဓာတိမာန်အဖွဲ့ချောင်း**

ချောင်းဆိုသည်မှာ ကလေးငယ်များကို ချော့သိပ်ရာတွင် သီဆိုရသော ကဗျာဖြစ်သည်။ ကောရန္တနှင့်အစချီ၍ ကောရန္တနှင့် အဆုံးသတ်ထားပြီးလျှင် ဂီတသဘောသက်ဝင်သော အဖွဲ့အနွဲ့မျိုးကို ချောင်းဟုခေါ်သည်။ ဘုရင်တို့၏ရင်သွေးတော်များဖွားမြင်၍ မြပုခက်တင်မင်္ဂလာသဘင် ဆင်ယင်ကျင်းပသည့်အခါ ထိုသဘင်အခမ်းအနားအတွက် စာဆိုတော်ပညာရှိ အမတ်များက ချောင်းများကို ရေးသားဆက်သွင်းရပြီးလျှင် ဝေါကြီးမှူး၊ ပျော့ကြီးမှူးတို့က ထိုချောင်းများကို ဖတ်လျှောက်သီဆို ရွှေနားတော်သွင်းရသည်။ ပုခက်တွင်းအရွယ်ထက် လွန်မြောက်ကြီးပြင်းချိန်တွင် ရေးသားဆက်သွင်းသော ချောင်းအဖွဲ့အနွဲ့များကိုမူ ရွှေနားတော်သွင်းဟု ခေါ်ဆိုလေသည်။ ချောင်းသည် စစ်သည်တော်များကို ရဲစိတ်ရဲမာန် သွတ်သွင်းပေးသော ငါးစီးရှင်ကျော်စွာလက်ထက်က ပေါ်ပေါက်သည့် ကာချင်းဟုခေါ်သော ဂီတသီချင်းမျိုးနှင့် သဘောအားဖြင့် ဆက်သွယ်မှုရှိသည်။ ယခု ဓာတိမာန်တက်ကြွဖွယ် မင်းနန်စည်ချောင်း နှစ်စောင်သည်လည်း အလောင်းမင်းတရားကို အဓိကထားပြီး သူ၏ သားတော်ကြီး၊ သားတော်လတ်နှင့် သားတော်ငယ်တို့၏ လက်ရုံးရည်နှင့် နှလုံးရည်တို့ဖြင့် အမိမြန်မာနိုင်ငံတော်အား တည်ဆောက်ခဲ့ပုံများကို ရည်ရွယ်ဖွဲ့ဆိုထားလေသည်။

**ကိုးကား**

၁။ ဦးတင်ဦး၏ မင်းနန်စည်ချောင်း

၂။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၈)နှင့် အတွဲ(၁၅)

၃။ ခင်ဆွေမြင့်၏ စစ်ကိုင်းမင်း(မင်းနန်စည်)ချောင်းများမှ ဓာတိမာန်အဖွဲ့များ

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်သို့ ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ကဏန်း ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၄၄၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း လယ်ကဏန်း ပိဿာချိန် ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" မော်လမြိုင်ကျွန်းမြို့နယ်ကထွက်ရှိတဲ့ လယ်ဂဏန်းတွေနဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လက ရန်ကုန်ဈေးကွက်ကို လယ်ကဏန်းပိဿာချိန် ၆၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ ဝယ်ယူအား ကောင်းလာတော့ ရေလုပ်သားတွေ အရောင်းအဝယ်အဆင်ပြေလာပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ လယ်ကဏန်းများ ဝယ်ယူအား ကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## နိုင်ငံတကာ သတင်းများ

# ဂျပန်နိုင်ငံ၏ သက်ရှိထင်ရှား အသက်အကြီးဆုံး လူပုဂ္ဂိုလ်အဖြစ် ရှီဂျီကိုကာဂါဝါ မှတ်တမ်းဝင်



**တိုကျို ဩဂုတ် ၄**

ရှီဂျီကိုကာဂါဝါ အမည်ရှိ အသက် ၁၁၄ နှစ်အရွယ် အငြိမ်းစား အမျိုးသမီးဆရာဝန်တစ်ဦးသည် ဂျပန်နိုင်ငံ၏ သက်ရှိထင်ရှားရှိဆဲ အသက်အကြီးဆုံးလူပုဂ္ဂိုလ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မီယိုကို ဟီရိုယာဆုအမည်ရှိ ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး လူပုဂ္ဂိုလ်အမျိုးသမီးကြီး ကွယ်လွန်ခဲ့ရပြီးနောက် ကာဂါဝါကို ဂျပန်နိုင်ငံ၏ သက်ရှိထင်ရှားရှိဆဲ အသက်အကြီးဆုံး လူပုဂ္ဂိုလ်အဖြစ် ဂျပန်အစိုးရ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

နာရာစီရင်စုတွင် နေထိုင်သည့် ကာဂါဝါသည် ဒုတိယကမ္ဘာစစ် မဖြစ်မီကာလတွင် ဆရာဝန်ဘွဲ့ ရရှိခဲ့ပြီး စစ်ကြီးဖြစ်ပွားချိန်တွင် အိုဆာကာမြို့ ဆေးရုံတစ်ရုံ၌ တာဝန်ထမ်းဆောင်ခဲ့သည်။

ကာဂါဝါသည် အသက် ၈၆ နှစ်အရွယ်တွင် ဆေးဝါးကုသမှုလုပ်ငန်းမှအနားယူခဲ့ကြောင်း ဂျပန်အစိုးရ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကာဂါဝါသည် အသက် ၁၀၉ နှစ်အရွယ်တွင် ၂၀၂၁ ခုနှစ် တိုကျို အိုလံပစ် အားကစားပွဲတော်တွင် အိုလံပစ်မီးရှူးတိုင်ကို လက်ဆင့်ကမ်း သယ်ယူပေးခဲ့ရာ အိုလံပစ် သမိုင်းတစ်လျှောက် အသက်အကြီးဆုံး အိုလံပစ်မီးရှူးတိုင် သယ်ဆောင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျပန်နိုင်ငံ လူဦးရေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းမှာ အသက် ၈၀ နှစ်အထက်ရှိသူများဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံး၌ အသက် ရာကျော်ရှိသူအရေအတွက်မှာ ၉၅၁၁၉ ဦးထိ ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားနိုင်ငံ၌ ခရီးသည်တင်ဘတ်စကားနှင့် ကုန်တင်ရထားတိုက်မိ တစ်ဦးသေဆုံး၊ ၁၁ ဦး ဒဏ်ရာရရှိ

**မော်စကို ဩဂုတ် ၄**

ရုရှားနိုင်ငံ လီနင်ဂရက်ဒေသ၌ ယနေ့တွင် ခရီးသည်တင်ဘတ်စကားနှင့် ကုန်တင်ရထားတစ်စီး ဝင်တိုက်မိရာ လူတစ်ဦးသေဆုံး၍ ၁၁ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ကုန်တင်ရထားမောင်းနှင်လာချိန်တွင် ခရီးသည်တင်ယာဉ်က ရထားလမ်းကို ဖြတ်သန်းမောင်းနှင်ခဲ့မှုကြောင့် အဆိုပါ မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားသည်။

ကုန်တင်ရထား စက်ခေါင်းမောင်းသူအနေဖြင့် အရေးပေါ်ဘရိတ်ဖမ်းခဲ့သော်လည်း အကွာအဝေးမှာ နီးကပ်မှုကြောင့် ဝင်တိုက်မည့်အရေးကို တားဆီးနိုင်မှု မရှိခဲ့ကြောင်း ရုရှားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ကုန်တင်ရထားဖြင့် ဝင်တိုက်ခဲ့သော ဘတ်စကားမှာ ကမ္ဘာလှည့်ခရီးသည်တင် ဘတ်စကားဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကုန်တင်ရထားနှင့် ခရီးသည်တင်ဘတ်စကားဝင်တိုက်မှုဖြစ်စဉ်သည် ဘူတာရုံနှစ်ခုကြား ရထားလမ်းကူးပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကုန်တင်ရထားနှင့် ခရီးသည်တင်ဘတ်စကား ဝင်တိုက်မှုဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးထားကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ မလေးရှားနိုင်ငံ၌ တွေ့ဆုံဆွေးနွေး

**ကွာလာလမ်ပူ ဩဂုတ် ၄**

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပဏာမဆွေးနွေးပွဲများကို မလေးရှားနိုင်ငံ၌ ယနေ့တွင် စတင်ကျင်းပနေပြီ ဖြစ်ကြောင်း သိရသည်။



အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် နယ်စပ်တိုက်ပွဲများ အဆုံးသတ်ခဲ့ပြီးရက်သတ္တ တစ်ပတ်အကြာတွင်ထိုင်းနှင့် ကမ္ဘောဒီးယား နိုင်ငံတို့က ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများ၏ ပဏာမ ဆွေးနွေးပွဲများကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

ထို့ပြင်ထိုင်းနှင့် ကမ္ဘောဒီးယား နိုင်ငံတို့သည် ဩဂုတ် ၇ ရက်တွင် ဝန်ကြီးအဆင့် ဆွေးနွေးပွဲ တစ်ပွဲကျင်းပရန် စီစဉ်ထားသည်။

ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် ဇူလိုင် ၂၄ ရက်တွင် စတင်ခဲ့သည့် ငါးရက်ကြာ နယ်စပ်တိုက်ပွဲများကို ဇူလိုင် ၂၈ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ် ထရမ့်၏ကြားဝင်မှု၊ တရုတ်နိုင်ငံ၏ ဖိအားပေးမှုတို့ဖြင့် ထိုင်းနှင့် ကမ္ဘောဒီးယားခေါင်းဆောင်များ မလေးရှားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူခဲ့ကြခြင်း ဖြစ်သည်။

ငါးရက်ကြာ နယ်စပ်စစ်ရေး ပဋိပက္ခသည် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အတွက် ၁၀ နှစ်ကျော်ကြာကာလအတွင်း အပြင်းထန်ဆုံး စစ်ရေးပဋိပက္ခဖြစ်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမျိုးသားကာကွယ်ရေးကောင်စီဖွဲ့စည်းရေးအစီအစဉ်ကို အီရန်အမျိုးသားလုံခြုံရေးကောင်စီက အတည်ပြု

**တီဟီရန် ဩဂုတ် ၄**

အမျိုးသား ကာကွယ်ရေး ကောင်စီ ဖွဲ့စည်းရေးအစီအစဉ်ကို အီရန်အမျိုးသားလုံခြုံရေးကောင်စီက ဩဂုတ် ၃ ရက်တွင် အတည်ပြုခဲ့ကြောင်း အီရန်နိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်ဇွန်လအတွင်း အစ္စရေးနိုင်ငံနှင့် လေကြောင်းစစ်ရေးပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် အမျိုးသား ကာကွယ်ရေးကောင်စီကို ဖွဲ့စည်းရန် အီရန်နိုင်ငံက စီစဉ်ထားခြင်း ဖြစ်သည်။

၁၂ ရက် ကြာမြင့်ခဲ့သည့် အစ္စရေး-အီရန် လေကြောင်းစစ်ရေး ပဋိပက္ခသည် အီရန်နိုင်ငံအတွက် ၁၉၈၀ ပြည့်နှစ် အီရန်-အီရတ် စစ်ပွဲနောက်ပိုင်း အီရန်အစိုးရအတွက် အကြီးမားဆုံး စစ်ရေးစိန်ခေါ်မှု ဖြစ်ခဲ့ရသည်။

အမျိုးသား ကာကွယ်ရေး ကောင်စီသည် အီရန်စစ်ဘက်၏ ကာကွယ်ရေး အစီအစဉ်များကို ပြန်လည်သုံးသပ်၍ အီရန်လက်နက်ကိုင်တပ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။



အမျိုးသား ကာကွယ်ရေး ကောင်စီကို အီရန်သမ္မတ ပီဇက်ရှ်ကီအန်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်မည်ဖြစ်ပြီး ထိပ်တန်းစစ်ခေါင်းဆောင်များ၊ အစိုးရထိပ်တန်းတာဝန်ရှိသူများက အဖွဲ့ဝင်များအဖြစ် ပါဝင်မည်ဖြစ်သည်။

အစ္စရေးနိုင်ငံ၏ စစ်ရေးခြိမ်းခြောက်မှုများမှာ ကျန်ရှိနေဆဲဖြစ်ကြောင်း အီရန်စစ်ဦးစီးချုပ် အမီရာ ဟာတာမီက ဩဂုတ် ၃ ရက်တွင် သတိပေးထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ယီမင်ကမ်းလွန်၌ ရေယာဉ်တစ်စီးနစ်မြုပ် အနည်းဆုံး လူ ၅၄ ဦး သေဆုံး

**ဆာနား ဩဂုတ် ၄**

ယီမင်နိုင်ငံ ကမ်းရိုးတန်းကမ်းလွန်၌ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၁၅၀ ခန့်လိုက်ပါလာသည့် ရေယာဉ်တစ်စီး ရာသီဥတုဆိုးရွားမှုကြောင့်ဩဂုတ် ၃ ရက်တွင် နစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုကြောင့် အနည်းဆုံး လူ ၅၄ ဦးသေဆုံးခဲ့ရပြီး အများအပြား ပျောက်ဆုံးနေကြောင်း ယီမင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းရေယာဉ်သည် ယီမင်နိုင်ငံတောင်ပိုင်း အဘီယန်းပြည်နယ် အန်ဝါခရိုင်ကမ်းလွန်ရေပြင်၌ ရာသီဥတုဆိုးရွားမှုကြောင့် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်ပေါ်လိုက်ပါလာသူဦးရေ ၁၅၀ အနက် ၁၀ ဦးကိုသာ ကယ်တင်နိုင်ခဲ့ကြောင်း ယီမင် ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေး သမားများက ရှာဖွေနေဆဲဖြစ်ကြောင်း ယီမင်ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အာဖရိကရွှေ့ပြောင်းဝင်ရောက်သူများသည် ဆော်ဒီအာရေဗျနှင့် အခြားပင်လယ်ကွေ့ နိုင်ငံများသို့ သွားရောက်ရေးအတွက် ဂျီဘူတီနှင့် အီရစ်ထရီးယားတို့ကို ယီမင်နိုင်ငံနှင့် ပိုင်းခြားပေးထားသော ဘက်ဘယ်လ်မန်ဒက်ဘ် ရေလက်ကြားကို ရေယာဉ်များဖြင့် နှစ်စဉ် ဖြတ်သန်းလေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ Europa Clipper အာကာသယာဉ်က REASON ရေဒါစနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ Europa Clipper အာကာသယာဉ်သည် REASON အမည်ရှိ ရေဒါစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

Europa Clipper အာကာသယာဉ်သည် REASON ရေဒါစနစ်ကို ယခုနှစ် မတ်လအတွင်း အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်သန်းစဉ် Europa Clipper အာကာသယာဉ်သည် အင်္ဂါဂြိုဟ်အီကွေတာရပ်ဝန်းကို REASON ရေဒါစနစ်ဖြင့် စမ်းသပ်လေ့လာခဲ့ရာ အောင်မြင်မှုအပြည့်အဝရရှိခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလကို လေ့လာရေးအတွက် REASON စနစ်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ နာဆာအဖွဲ့သည် Europa Clipper အာကာသယာဉ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Europa Clipper အာကာသယာဉ်သည် ယူရိုပါဂြိုဟ်ရံလဆီသို့ ရောက်ရှိရေးအတွက် ခရီးအကွာအဝေးမိုင်ပေါင်း ၁ ဒသမ ၈ ဘီလီယံထိ ပျံသန်းရမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်နိုင်ငံမှသိပ္ပံပညာရှင်များက Darwin Monkey မျိုးဆက်သစ် ဦးနှောက်ပုံစံတူကွန်ပျူတာတစ်မျိုးကို တည်ဆောက်ထား

**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံမှသိပ္ပံပညာရှင်များသည် Darwin Monkey အမည်ရှိ မျိုးဆက်သစ် ဦးနှောက်ပုံစံတူ ကွန်ပျူတာတစ်မျိုးကို တည်ဆောက်ထားကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

Darwin Monkey ကွန်ပျူတာစနစ်သည် မာကာကေးမျောက်တစ်ကောင်၏ ဦးနှောက်လုပ်ငန်းလည်ပတ်ပုံကို တုပနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Darwin Monkey ဦးနှောက်ပုံစံတူ ကွန်ပျူတာစနစ်ကို ကျိုကျန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ ကွန်ပျူတာစနစ်တွင် တရုတ်သိပ္ပံပညာရှင်များသည် 960 Darwin အမည်ရှိ မိုက်ခရိုချစ်ပ်ပြား သုံးခု တပ်ဆင်ထားကြောင်း သိရသည်။




အထက်ပါမိုက်ခရိုချစ်ပ်များကြောင့် Darwin Monkey ကွန်ပျူတာစနစ်သည်မာကာကေးမျောက်များ၏ ဦးနှောက်လည်ပတ်ပုံကို တုပနိုင်သကဲ့သို့ အမြင်အာရုံ၊ အကြားအာရုံ၊ ဘာသာစကားစွမ်းရည်နှင့် သင်ယူနိုင်စွမ်းတို့ကိုပါ ပိုင်ဆိုင်ထားကြောင်း သိရသည်။

ထို့ပြင် Darwin Monkey ကွန်ပျူတာ၌ တွေးတောနိုင်စွမ်းအကြောင်းအရာကို ဖော်ထုတ်နိုင်စွမ်းနှင့် အချို့ပြဿနာဖြေရှင်းနိုင်မှု စွမ်းရည်များလည်း ထည့်သွင်းထားကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## ယနေ့ခေတ်အာလူးပင်များ မည်သို့ဆင့်ကဲပြောင်းလဲလာသည်ကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်

**ပေကျင်း ဩဂုတ် ၄**

ယနေ့ခေတ် အာလူးပင်များ မည်သို့ဆင့်ကဲပြောင်းလဲလာသည်ကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

ယနေ့ခေတ် အာလူးပင်များသည် လွန်ခဲ့သည့် နှစ်ပေါင်းကိုးသန်းခန့်က ရှေးခေတ် ခရမ်းချဉ်ပင်တစ်မျိုးနှင့် Etuberosum ဟုခေါ်သည့် အပင်တစ်မျိုးနှင့် သဘာဝအလျောက် မျိုးစပ်ခဲ့ရာမှတစ်ဆင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် အာလူးပင်အယဉ်နှင့် အရိုင်းမျိုးစိတ်များမှ ရယူထားသည့် မျိုးဗီဇများကို စူးစမ်းလေ့လာခဲ့သည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ယနေ့ခေတ် အင်ဒီးစ်တောင်တန်းဒေသ၌ ရှေးခေတ် ခရမ်းချဉ်ပင်များနှင့် Etu-berosum ခေါ် အပင်ရိုင်းတစ်မျိုးတို့ သဘာဝအလျောက်ပေါင်းစပ်ခဲ့ပြီးနောက် အာလူးပင်များစတင်ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လူသားများအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀ ခန့်ကပင် စတင်စိုက်ပျိုးခဲ့ကြရာ လူသားများ၏ အဓိက အစားအစာတစ်မျိုးဖြစ်လာခဲ့သည်။

ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထား ကင်းမဲ့မှုကြောင့် အာလူးပင်များ မည်သို့ဆင့်ကဲ ပေါ်ထွက်လာရသည်ကို ဖော်ထုတ်ရန် သိပ္ပံပညာရှင်များအတွက် အခက်တွေ့ခဲ့ရကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## တစ်ရက်လျှင် ပလတ်စတစ်မှုန် ၆၈၀၀၀ ထိ လူတစ်ဦးချင်းအနေဖြင့် ရှူသွင်းနေကြရ

**ပဲရစ် ဩဂုတ် ၄**

လူတစ်ဦးချင်းအနေဖြင့် နေ့စဉ် ပျမ်းမျှအားဖြင့် အလွန်တရာသေးငယ်လှသော ပလတ်စတစ်မှုန်ပေါင်း ၆၈၀၀၀ ထိကို ရှူသွင်းနေကြရကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

လူတစ်ဦးချင်းအနေဖြင့် ကိုယ်ကိုယ်တိုင်မသိဘဲ နေ့စဉ်ရှူသွင်းနေရသည့် ပလတ်စတစ်အမှုန်အမွှားအရေအတွက်မှာ ယခင်မျှော်လင့်ထားသည်ထက် အဆ ၁၀၀ ပိုမြင့်မားနေသည်ကို တွေ့ရကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ပြင်သစ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူတစ်ဦးချင်းစီသည် အရွယ်အစား တစ်မိုက်ခရိုမီတာနှင့် ၁၀ မိုက်ခရိုမီတာကြားရှိ ပလတ်စတစ်အမှုန် ၆၈၀၀၀ ကို ပျမ်းမျှအာဖြင့် ရှူသွင်းနေကြရကြောင်း သိရသည်။

အထက်ပါ အရွယ်အစားထိသေးငယ်သည့် ပလတ်စတစ်မှုန်များသည် အဆုတ်ကိုသာမက ဦးနှောက်တွင်းသို့ပါ ရောက်သွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လေထုအတွင်း ပလတ်စတစ်အမှုန်အမွှား စုစည်းမှုမြင့်မားသည့် အမေရိကန် ကမ်းရိုးတန်းဒေသများ၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့်လေဖြတ်မှုဖြစ်ပွားနှုန်းများ သိသိသာသာမြင့်တက်နေသည်ဟူသော လေ့လာတွေ့ရှိချက်တစ်ရပ်ပေါ်ထွက်လာခဲ့ပြီးနောက် ပြင်သစ်သုတေသနပညာရှင်များက ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

## ဆေးခြောက်ကိုနေ့စဉ်သုံးစွဲသူများ ခံတွင်းကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မား

**နယူးယောက် ဩဂုတ် ၄**

ဆေးခြောက်ကိုနေ့စဉ်သုံးစွဲသူများ၌ ခံတွင်းကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက်သုံးဆကျော် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် နေ့စဉ် ဆေးခြောက်သုံးစွဲသူ ၄၅၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ် ဆေးခြောက်သုံးစွဲသူများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ခံတွင်းကင်ဆာရောဂါဖြစ်နိုင်ခြေ သုံးဆကျော် ပို၍မြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆေးခြောက်မီးခိုးငွေ့များထဲတွင် စီးကရက်မီးခိုးများမှာကဲ့သို့ပင် ကင်ဆာရောဂါနှင့် ဆက်စပ်နေသည့် ဓာတုပစ္စည်းများ ပါဝင်နေနိုင်ကြောင်း၊ အထူးသဖြင့် ဆေးခြောက်မီးခိုး များထဲတွင်ပါဝင်သည့် PAHS၊ ဘင်ဇိုင်းနှင့် အမိုးနီးယားဓာတုပစ္စည်းများမှာ ခံတွင်းတစ်ရှူးများအတွင်းသို့ ကင်ဆာဖြစ်ပွားစေတတ်သည့် ဓာတုဒြပ်ပေါင်းများ ဝင်ရောက်နိုင်ရန် လမ်းဖွင့်ပေးနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အမေရိကန်ပြည်သူ ၁၈ သန်းနီးပါးမှာ ဆေးခြောက်ကို နေ့စဉ် သုံးစွဲသူများဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကင်မရွန်းယန်း ဆွတ်ခူးရရှိ



နယူးယောက် ဩဂုတ် ၄

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပခဲ့သည့် Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားမစ္စနာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားဟက်ဘတ်နှင့် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား နိုရန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ကင်မရွန်းယန်းက “ဒီလိုစွမ်းဆောင်ရည်မျိုးနဲ့ ဒီလိုရလဒ်မျိုးကို ဘယ်ပြိုင်ပွဲမှာမှ မကစားနိုင်ခဲ့ဘူး။ ဒီလိုရလဒ်မျိုးနဲ့ ချန်ပီယံဖြစ်ခဲ့တာ ကျွန်တော်က ပထမဦးဆုံးလို့ သိလိုက်ရတော့ အရမ်းကိုဂုဏ်ယူရပါတယ်။ ဒီလိုစွမ်းဆောင်ရည်မျိုးနဲ့ မကြာခဏကစားနိုင်မယ်လို့လည်းမျှော်လင့်ပါတယ်။ Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပထမနေ့ကနေ နောက်ဆုံးနေ့ထိ အကောင်းဆုံးကစားနိုင်ခဲ့တယ်ဆိုပေမဲ့ နောက်ဆုံးနေ့မှာတော့ ရလဒ်နည်းနည်းကျဆင်းခဲ့တယ်။ အရင်နေ့တွေက ရလဒ်တွေကြောင့် အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ကင်မရွန်းယန်းသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် PGA Tour တွင် ပထမဆုံးသော ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ကွင်းလယ်ကစားသမား မက်ဒီဆင်၏နေရာတွင် ဂရီလစ်နှင့်အစားထိုးရန် စပါးအသင်းပြင်ဆင်

လန်ဒန် ဩဂုတ် ၄

စပါးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် တောင်ကိုရီးယားနိုင်ငံတွင် နယူးကာဆယ်အသင်းနှင့် ကစားခဲ့ရာ အဆိုပါပွဲစဉ်၌ ကွင်းလယ်ကစားသမား မက်ဒီဆင် ဒူးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သောကြောင့် ၎င်းနေရာတွင် မန်စီးတီးအသင်း ကစားသမား ဂရီလစ်နှင့် အစားထိုးရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တောင်ကိုရီးယား ခြေစမ်းခရီးစဉ်သည် စပါးအသင်းအတွက် ရာသီကြိုခြေစမ်းပွဲ နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့သော်လည်း ကွင်းလယ်ကစားသမား မက်ဒီဆင်သည် အသင်းအတွက် ဒုတိယပိုင်းပွဲကစားချိန် ၇၅ မိနစ်တွင် လူစားဝင်ကစားခဲ့ကာ ပွဲကစားချိန် ၈၆ မိနစ်အရောက်တွင် ပြိုင်ဘက်ကစားသမားနှင့်ထိခိုက်မိခဲ့သောကြောင့် ဒူးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး ကွင်းအတွင်းမှ ဆေးအဖွဲ့အကူအညီဖြင့် ထွက်ခွာခဲ့ရသည်။

လက်ရှိတွင် အသင်းအနေဖြင့် မက်ဒီဆင်၏ ဒဏ်ရာအခြေအနေကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နေသော်လည်း ဒဏ်ရာပြင်းထန်မှုကြောင့် ရာသီအစပွဲစဉ်များကို လွဲချော်နိုင်သဖြင့် မန်စီးတီးအသင်းမှ အရောင်းစာရင်းတင်သွင်းထားသည့် ကွင်းလယ်တိုက်စစ်ကစားသမား ဂရီလစ်နှင့် အစားထိုးရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိဂရီလစ်သည် ကွင်းလယ်တိုက်စစ်နှင့် ဘယ်တောင်ပံ တိုက်စစ်ပိုင်းတို့တွင် ပါဝင်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး မန်စီးတီးအသင်းသို့ ၂၀၂၁ ခုနှစ်က ပြောင်းရွှေ့ခဲ့ရာတွင် နှစ်ရာသီဆက်တိုက် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ၂၀၂၃-၂၀၂၄ ဘောလုံးရာသီနှင့် ပြီးခဲ့သည့် ဘောလုံးရာသီတို့တွင် အသင်းတွင်ပွဲကစားခွင့်လျော့နည်းလာခဲ့သည့်အပြင် ပုံစံကောင်းပျောက်ဆုံးခဲ့သောကြောင့် နည်းပြဂွါဒီယိုလာက ၎င်းကို ပြန်လည်ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် စပါးအသင်းက မက်ဒီဆင်၏နေရာတွင် အစားထိုးနိုင်မည့် ကွင်းလယ်တိုက်စစ်ကစားသမား ဂရီလစ်ကို ခေါ်ယူရန် မန်စီးတီးအသင်းနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : FotMob

Trs : ML



# စပါးအသင်းကစားသမားဆွန်ဟောင်မင် လော့အိန်ဂျလိစ်အက်ဖ်စီအသင်းသို့ ပြောင်းရွှေ့



လန်ဒန် ဩဂုတ် ၄

စပါးအသင်း တောင်ပံကစားသမား ဆွန်ဟောင်မင်သည် ပြီးခဲ့သည့်ရက်ပိုင်းက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးနောက် ယခုအခါ မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်အက်ဖ်စီအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

လော့အိန်ဂျလိစ်အက်ဖ်စီအသင်းနှင့် စပါးအသင်းတို့ကြား သဘောတူညီချက်တွင် ဆွန်ဟောင်မင်အတွက်ပြောင်းရွှေ့ကြေးမှာ စတာလင်ပေါင် သန်း ၂၀ ဝန်းကျင်ထိရှိခဲ့သောကြောင့် လော့အိန်ဂျယ်လိစ်အသင်း၏ ကလပ်အသင်းစံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်ခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဆွန်ဟောင်မင်သည် လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ၂၀၁၅ ခုနှစ်က ပြောင်းရွှေ့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့် ပထမဆုံးဘောလုံးရာသီ၌ ပြိုင်ပွဲစုံ ပွဲ ၄၀ တွင် သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် တိုက်စစ်ပိုင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရခဲ့သူဖြစ်သကဲ့သို့ အသင်းနှင့်ဆယ်စုနှစ် တစ်ခုနီးပါးတွင် ပြိုင်ပွဲစုံ ၄၅၄ ပွဲထိ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၇၃ ထိသွင်းယူနိုင်ခဲ့သည့်အပြင် အသင်းနှင့်အတူ ယူရိုပါလိဂ်ဆုဖလားတစ်လုံး ဆွတ်ခူးရရှိခဲ့သည်။

ဆွန်ဟောင်မင်သည် စပါးအသင်းတွင် ထိပ်တန်းအဆင့်ခြေစွမ်းပိုင်ဆိုင်ခဲ့သော်လည်း အသင်းအနေဖြင့် အသက်အရွယ်ရလာသည့် ကစားသမားကို သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ ရောင်းချရန်ဆုံးဖြတ်ခဲ့သောကြောင့် ၎င်းက ကစားသမားဘဝစာမျက်နှာသစ် ဖွင့်လှစ်နိုင်ရန်အတွက် အသင်းဖော်ကစားသမားဟောင်း ဂါရတ်ဘေးလ် ပြောင်းရွှေ့ခဲ့သည့် မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်အက်ဖ်စီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကြောင်း သိရသည်။

Ref : Givemesport

Trs : ML

# ချဲလ်ဆီးအသင်းက ဖာမင်လိုပက်ဇ်ကိုခေါ်ယူရန်ကမ်းလှမ်းမှု ဘာစီလိုနာအသင်းပယ်ချ



လန်ဒန် ဩဂုတ် ၄

ချဲလ်ဆီးအသင်းသည် ဘာစီလိုနာအသင်းမှ လူငယ်တိုက်စစ်ကစားသမား ဖာမင်လိုပက်ဇ်ကို ခေါ်ယူရန် အသင်းမှတိုက်စစ်မှူး အန်ကူကူနှင့် အလဲအထပ်ပြုလုပ်ရန်ကမ်းလှမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းက ပယ်ချခဲ့သည်။

ချဲလ်ဆီးအသင်းနည်းပြ မာရက်စ်ကာသည် အသင်းကစားကွက်နှင့် ကိုက်ညီမှုမရှိသည့် အန်ကူကူကို ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း တရားဝင်ကမ်းလှမ်းလာသည့် အသင်းမရှိသဖြင့် ဘာစီလိုနာအသင်းမှ လူငယ်ကစားသမားဖာမင်လိုပက်ဇ်ကို ခေါ်ယူရန် ပြောင်းရွှေ့ကြေး တစ်စိတ်တစ်ပိုင်းအဖြစ် အလိုက်ပေးကမ်းလှမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း သိရသည်။

ဖာမင်လိုပက်ဇ်သည် နည်းပြဖလစ်လက်အောက်တွင် ခြေစွမ်းပိုင်းတိုးတက်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အသင်းအတွက် ပြိုင်ပွဲစုံ ၄၈ ပွဲထိပါဝင်ကာ သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် နည်းပြဖလစ်က ၎င်း၏ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းခဲ့ပြီးနောက် ချဲလ်ဆီးအသင်း၏ ကစားသမား အလဲအထပ်ပြုလုပ်မည့်ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

လက်ရှိ အပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းသည် စပို့တင်းလစ္စဘွန်းမှ ကွင်းလယ်ခံစစ်ကစားသမား အက်ဆူဂို၊ အစ်ဖ်ဝှစ်တိုက်စစ်မှူး ဒီလက်ပ်၊ စထရာဘော့ ခံစစ်ကစားသမား မာမာဒူဆား၊ ဘရိုက်တန်တိုက်စစ်မှူး ဂျာအိုပက်ထရို၊ အင်ဒီပန်ဒီယန်တီ ကွင်းလယ်ကစားသမား ပါရက်ဇ်၊ ဒေါ့မွန်တောင်ပံကစားသမား ဂစ်တန်း၊ အေဂျက်ခံစစ်ကစားသမား ဟာတိုတို့ကို ခေါ်ယူနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်းအတွက် ကစားသမားတစ်ဦးထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : SI

Trs : ML

## အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်းသည် အသင်းဘယ်တောင်ပံခံစစ်ပိုင်းမှ ခံစစ်ကစားသမား ဇီချန်ကိုအသင်းမှ ထွက်ခွာခွင့်ပြုခဲ့ပြီးနောက် ၎င်းနေရာတွင် အစားထိုးနိုင်မည့် ကစားသမားတစ်ဦး ရှာဖွေလျက်ရှိရာ ရင်းနက်အသင်း ခံစစ်ကစားသမား ဂျာကွက်ကိုခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- စပါးအသင်းက အသင်းခေါင်းဆောင်ဆွန်ဟောင်မင် ထွက်ခွာသွားပြီးနောက် ၎င်းနေရာတွင် အစားထိုးနိုင်ရန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အနာဂတ်မရေရာသည့် တောင်ပံတိုက်စစ်မှူး ရိုဒရီဂိုကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကကားမတော်မဆမှုကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရခဲ့သည့် တိုက်စစ်မှူး အန်တိုနီယိုကို အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့သော်လည်း ကမ်းလှမ်းလာသည့် အသင်းမရှိသဖြင့် တစ်နှစ်သက်တမ်းတိုးရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML

# PUBG Mobile World Cup ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Yangon Galacticos အသင်း ချန်ပီယံဆုဆွတ်ခူး




ရန်ကုန် ဩဂုတ် ၄

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် PUBG Mobile World Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

PUBG Mobile World Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်းသည် Group Stateတွင် ရမှတ် ၇၅ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် ၁၁ နေရာဖြင့် Servival State အဆင့် ဆက်လက်ကစားခဲ့ရသည်။

Yangon Galacticos အသင်းသည် Servival State အဆင့်တွင်လည်း ရမှတ် ၇၀ ဖြင့် Grand Final အဆင့် ဆက်လက်ကစားခွင့်ရရှိခဲ့ကာ Grand Final အဆင့်တွင် ချန်ပီယံဖြစ်ရန် ရေပန်းမစားခဲ့သော်လည်း Grand Final ကို ဩဂုတ် ၁ ရက်မှ ၃ ရက်နေ့ထိ ယှဉ်ပြိုင်ခဲ့ပြီး Yangon Galacti-cos အသင်းက ရမှတ်ပေါင်း ၁၅၇ မှတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် Yangon Galacticos အသင်းတွင် ကစားသမားများအဖြစ် Marnett (Soung Wai Phyo)၊ Romeo (Khant Zaw Hein)၊ SAYCLOUD (Kaung Khant Aung)၊ Smile (Swan Wint Maung) တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# နယူးကာဆယ်အသင်း တိုက်စစ်မှူး အစ်ဆက်ခ်ဲ အသင်းနှင့် ပြန်လည်ပူးပေါင်းလေ့ကျင့်မည်

လန်ဒန် ဩဂုတ် ၄

လီဗာပူးအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေသည့် နယူးကာဆယ်အသင်း တိုက်စစ်မှူး အစ်ဆက်ခ်ဲသည် တစ်ဦးတည်း လေ့ကျင့်နေရာမှ အသင်းနှင့် ပြန်လည် ပူးပေါင်းတော့မည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် အစ်ဆက်ခ်ဲကို ပေါင်သန်း ၁၁၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ရောင်းချရန် ပယ်ချခဲ့သည့်အတွက်ကြောင့် အစ်ဆက်ခ်ဲအနေဖြင့် အသင်းပြောင်းရွှေ့မရဖြစ်နေခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းက အစ်ဆက်ခ်ဲအတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၅၀ အလိုရှိနေသည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်သေးဘဲ ကြန့်ကြာခြင်းဖြစ်သည်။

အစ်ဆက်ခ်ဲက နယူးကာဆယ်အသင်းက ထွက်ခွာခွင့်မပေးခဲ့သည့်အတွက် အသင်းနှင့် ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ပြီးနောက် အသင်းဟောင်း ဆိုစီဒက်စ်အသင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သော်လည်း မကြာမီနယူးကာဆယ်အသင်းထံ ပြန်လည်ပူးပေါင်းရန် စီစဉ်နေပြီး လီဗာပူးအသင်းကလည်း အစ်ဆက်ခ်ဲကို ခေါ်ယူရန်အတွက် ဆက်လက် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# Women's British Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ယာမာရှီတာ ဆွတ်ခူးရရှိ




ကာဒစ်ဖ် ဩဂုတ် ၄

ဝေးလ်နိုင်ငံတွင် ကျင်းပခဲ့သည့် Women's British Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် ယာမာရှီတာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်နှင့် ဂျပန်ဂေါက်သီးရိုက်မယ်ကက်ဆူတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး ဂျပန်ဂေါက်သီးရိုက်မယ် တာကီဒါနှင့် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်အေလင်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။ Women's British Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် အမျိုးသမီး ဂေါက်သီးရိုက်လောက၏ အဓိကပြိုင်ပွဲကြီး နှစ်ခုမှ တစ်ခုဖြစ်ပြီး အသက် ၂၄ နှစ်အရွယ် ယာမာရှီတာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယာမာရှီတာက"အခုလိုသမိုင်းဝင်ပြိုင်ပွဲကြီးမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ အတွက်ကြောင့် အရမ်းကို ဝမ်းသာပါတယ်။ ပရိသတ်တွေရဲ့အားပေးမှုကလည်း အံ့မခန်းပါပဲ။ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကမှာ ဒီဆုကို ကစားသမားတိုင်းက လိုချင်ကြတယ်။ အရှိန်အဝါအရမ်းကြီးတဲ့ ဆုတစ်ဆုလည်းဖြစ်တဲ့ အတွက်ကြောင့် ကျွန်မအတွက်တော့ အထူးဆုကြီးတစ်ခုပါပဲ။ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်မှာတော့ ဖိအားအောက်ကနေ ကစားရတဲ့အတွက် အရမ်းလည်း ပင်ပန်းခဲ့ပါတယ်။ ဘယ်လောက်ပင်ပန်းပါစေ အောင်မြင်မှုရခဲ့လို့ ပင်ပန်းတာတွေ မခံစားရတော့ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အိုဆာကာအနိုင်ရရှိ



တိုရွန်တို ဩဂုတ် ၄

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ် အိုဆာကာနှင့် လက်ဗီးယား တင်းနစ်မယ် စီဗက်စတိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိုဆာကာက (၆-၁ ၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အိုဆာကာသည် ယခုနှစ် အတွင်း ပုံစံကောင်းပျောက်ဆုံးနေပြီး အောင်မြင်မှုရယူထားနိုင်ခြင်း မရှိသည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည်။ သို့သော်လည်း တိုရွန်တိုမြို့တွင် အကောင်းဆုံးပုံစံရနေပြီး စတုတ္ထအဆင့်တွင်လည်း ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

အိုဆာကာက "ကျွန်မအနေနဲ့ အခုလိုကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်တာကို အရမ်းပျော်ရွှင်ရပါတယ်။ စတုတ္ထအဆင့် ပွဲစဉ်ဟာ ကျွန်မအတွက်တော့ ဒီရာသီအတွင်း အကောင်းဆုံး ကစားနိုင်ခဲ့တဲ့ ပွဲစဉ်တစ်ပွဲဆိုလည်း မမှားပါဘူး။ ဝင်ဘယ်ဒန်ပြိုင်ပွဲ နောက်ပိုင်းမှာတော့ စွမ်းဆောင်ရည်တွေ တိုးတက်လာသလို ယုံကြည်မှုလည်း မြင့်တက်လာပါပြီ။ အောင်မြင်မှုတွေ ပြန်ရဖို့အတွက် ယုံကြည်မှုတွေပြန်ရလာတာက ကျွန်မအတွက်တော့ အရမ်းကို တန်ဖိုးရှိပါတယ်။ နောက်အဆင့်တွေမှာ ဘယ်လိုရလဒ်တွေ ထွက်လာမလဲဆိုတာ မသိရသေးပေမဲ့ လက်ရှိစွမ်းဆောင်ရည်ကို အားရကျေနပ်ပါတယ်"ဟုပြောကြားခဲ့သည်။

အိုဆာကာသည် ကွာတားဖိုင်နယ်အဆင့်တွင် ယူကရိန်း တင်းနစ်မယ် စဗစ်တိုလီနာနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : AZL

# အာဆီယံအမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲဝင်ရန် မြန်မာအသင်း ဗီယက်နမ်သို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၄

ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအသင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းတွင်ကစားသမား ၂၃ ဦး ပါဝင်ပြီး မန်နေဂျာအဖြစ် ဦးကြည်လွင်၊ နည်းပြချုပ်အဖြစ်တက်ဆုရိုယုကီတို့က ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အာဆီယံဒေသတွင်းနိုင်ငံများက လက်ရွေးစင်အဆင့် ကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ဩစတြေးလျအသင်းက ယူ-၂၃ အသင်းဖြင့် ဝင်ရောက်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၇ ရက်တွင် ဩစတြေးလျယူ -၂၃၊ ဩဂုတ် ၁၀ ရက်တွင် တီမောလက်စတေအသင်း၊ ဩဂုတ် ၁၃ ရက် တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်




ပြိုင်ပွဲမတိုင်မီ အာရှအမျိုးသမီး ပြိုင်ပွဲ ခြေစစ်ပွဲကစားခဲ့ရာ အုပ်စု ဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည့်အတွက် ခြေစစ်ပွဲ အဆင့်ဖြင့် ကျေနပ်ခဲ့ရကြောင်း သိရသည်။ STA

# ကျောင်းသားလူငယ်များ အသိပညာနှင့်အတတ်ပညာ ဟန်ချက်ညီစွာဖွံ့ဖြိုးရန်လို

ယခုရက်ပိုင်းတွင် နိုင်ငံ၏ပညာရေးကဏ္ဍအတွက် ဝမ်းသာဖွယ်သတင်းများကိုကြားသိနေရသည်။ ပထမတစ်ခုမှာ လူငယ်တို့အတွက် အခြေခံပညာမှအဆင့်မြင့်ပညာသို့ ကူးပြောင်းနိုင်ရေးတွင် လွန်စွာအရေးပါသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကိုထုတ်ပြန်ခဲ့ရာ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ လူငယ်တို့၏ စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှုတို့ဖြင့် ကြိုးစားမှုတို့ကို တွေ့မြင်ရခြင်းအတွက် ချီးမွမ်းဂုဏ်ယူမိပါသည်။ ဒုတိယမှာ နောင်ချိုဒေသ၌ တိုက်ပွဲများမရှိတော့သည့်အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး နိုင်ငံတော်မှ စာသင်ကျောင်းများ အမြန်ဆုံးဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၂၀၀ ခန့် ပညာသင်ကြားနေသည်ဟု သိရသည့်အတွက် ဝမ်းသာပျော်ရွှင်ရသည်။ လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ကျောင်းများ ပြန်လည်သက်ဝင်လာသကဲ့သို့ ကြီးမားပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကြီးကြောင့် မမျှော်လင့်ဘဲဖြစ်ပေါ်လာသည့် စိန်ခေါ်မှုကြီးကို ကျောင်းသား၊ ကျောင်းသူများက ကိုယ်စီစွမ်းရည်များပြသကာ ဖြေဆိုအောင်မြင်ခဲ့ကြသည်မှာ မြန်မာ့ပညာရေးကဏ္ဍအတွက် သမိုင်းမှတ်တိုင်များပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုအရှိန်အဟုန်သည် ထိုနိုင်ငံ၏ ပညာရည်တိုးတက်မှုပေါ်တွင် များစွာတည်မှီသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသည့် နိုင်ငံများသည် ပညာတတ်နိုင်ငံသားများ အမြောက်အမြားရှိနေသည့် နိုင်ငံများပင်ဖြစ်သည်။ ပညာရေးသည် လူသားတို့၏ဘဝကို ပြောင်းလဲနိုင်စေရန်၊ အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားပေးနိုင်ရန်၊ တွေးခေါ်ဆင်ခြင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန်၊ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်စေရန် သင်ကြားပေးနိုင်သည်။

စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့နိုင်ငံအနေဖြင့် ပညာရေး အားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိသည်။ ပညာရေးအားနည်းသည့် ဒေသများ၌ မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားလျက်ရှိသည်။ အတန်းပညာ တတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများစွာထိခိုက်ခဲ့ရသည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အချို့သော စာသင်ကျောင်းများသည် အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်မှုမရှိသေးသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များအနေဖြင့် ထိခိုက်နစ်နာလျက်ရှိသည်။ လူငယ်များသည် ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်၍ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အိမ်နီးချင်းနိုင်ငံအချို့တွင် သွားရောက်လုပ်ကိုင်လျက်ရှိပြီး နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးလျက်ရှိသည်။ ရွှေ့ပြောင်းအလုပ်သမားအဖြစ် လုပ်ကိုင်ကြရာတွင် တရားမဝင် သွားရောက်လုပ်ကိုင်ခြင်းနှင့် ပညာရေးတွင်လည်း နိမ့်ကျခြင်းတို့ကြောင့် လုပ်ခလစာနည်းပါးစွာဖြင့် လုပ်ကိုင်နေကြရသည်။

ယခုကာလတွင် အခြေခံပညာအတန်းအားလုံး အခမဲ့စနစ်ဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုနိုင်ငံတော်က ဆောင်ရွက်ထားပြီး KG + 9 ထိ မသင်မနေရ သတ်မှတ်ပေးထားသည်။ မိသားစုကိုင့်ကာ စောစောစီးစီး ကျောင်းမှထွက်၍ ရရာအလုပ်လုပ်ကြရခြင်းမျိုးမဖြစ်စေရန် နိုင်ငံတော်က စီစဉ်ထားခြင်းဖြစ်ပြီး မိဘများကလည်း မိမိတို့သားသမီးများအနာဂတ်အတွက် စာသင်ကျောင်းများသို့အရောက်ပို့ပေးရန်သာလိုအပ်ပေသည်။ လူငယ်အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးအတွက် လူရည်ချွန်လူငယ်၊ ကင်းထောက်လူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကြက်ခြေနီလူငယ် စသည့်အဖွဲ့အစည်းများဖွဲ့စည်းကာ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန်ရည်ရွယ်၍ Polytechnic တက္ကသိုလ်များ ဖွင့်လှစ်လျက်ရှိပြီး ယခုအချိန်တွင် Polytechnic တက္ကသိုလ် ရှစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်အားလုံးတွင် စီးပွားရေးနှင့်ဥပဒေပညာရပ်သင်ကြားပေးနိုင်ရေး BA (Law) နှင့် BA (Eco) ဘွဲ့များ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ KG + 12 တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများသည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အရွယ် ပတ်ဝန်းကျင်များဖြစ်ကြပြီး အသက် ၁၈ နှစ်ပြည့်ပါက ဆန္ဒမဲပေးရမည်ဖြစ်၍ အခြေခံပညာကျောင်းများ၌ KG + 12 ကျောင်းသား၊ ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်ပြီး အခြေခံများသိရှိစေရေးသင်ကြားပေးလျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ လောင်းကစားမှုဥပဒေ၊ လူကုန်ကူးမှုဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ အစရှိသည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်နိုင်သည့် ဥပဒေများကို သင်ကြားပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တရားဥပဒေစိုးမိုးရေး၏ အရေးပါပုံကို သိရှိနားလည်လာမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်အသီးသီး၌လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေကို သိရှိနားလည်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက် ဥပဒေနှင့် စီးပွားရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

ပညာတတ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန်သည် ဆရာ၊ ဆရာမများ၏ စွမ်းပကားကလည်း အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။ ဆရာသည် သင်ပြသူ၊ စည်းရုံးသူ၊ ခေါင်းဆောင်ဖြစ်ပြီး ၂၁ ရာစု ပညာရေးတွင် ဆရာများ၏ တာဝန်သည်လည်း ပိုကျယ်ဝန်းနက်ရှိုင်းလာပြီဖြစ်သည်။ ကျောင်းသား လူငယ်တို့၏ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ မြင့်မားစေရေးတို့အတွက် ဆရာ၊ ဆရာမများအနေ ဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန် လိုအပ်ပေသည်။ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူအရွယ်သည် သိနားလည်သည့်အရွယ်ဖြစ်ပြီး ကလေးများလည်းဖြစ်ရာ လေ့ကျင့်သင်ကြားပေးရန် အကောင်းဆုံးအရွယ်ဖြစ်သည်။ မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များကို အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကိုလည်း သင်ကြားပေးရမည်ဖြစ်သည်။ ကလေးငယ်များကို လေ့ကျင့်သင်ကြားပေးသည့် ဆရာ၊ ဆရာမများသည် မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ စာပေဖတ်မှတ်ခြင်းမှရရှိသည့်အသိအမြင်များကိုလည်း ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရန်အတွက် စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်သည်။

ကျောင်းသားလူငယ်များသည် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသည့် ဆောင်ပုဒ်နှင့်အညီ အတန်းပညာအပြင် စည်းကမ်း၊ တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များလည်းရှိရန် အထူးလိုအပ်သောကာလဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တည်ဆောက်ရေးအတွက် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရာတွင် လူတော်များဖြစ်ရုံသာမက လူကောင်းများဖြစ်လာစေရန်လည်း လိုအပ်သည်။ ထိုမှသာ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များအဖြစ် နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာ့ပညာရေးမျှော်မှန်းချက်သည် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းစေရန် ဖြစ်သည်။ ၂၁ ရာစုခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ပြောင်းလဲနေသော ခေတ်နှင့်အညီ အသိပညာနှင့် အတတ်ပညာများ ပြည့်စုံအောင်ကြိုးစားဖြည့်ဆည်းကြရမည်ဖြစ်သည်။ အတတ်ပညာက လူတော်ဖြစ်စေနိုင်သကဲ့သို့ အသိပညာက လူကောင်းဖြစ်စေမည်ဖြစ်သည်။ ဦးနှောက်အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိတ်နှလုံးသားအာဟာရဖွံ့ဖြိုး တိုးတက်စေရေး ဟန်ချက်ညီအောင် ကြိုးစားအားထုတ်ရန်လိုသည်။ ကျောင်းသားလူငယ်များအနေဖြင့် အသိပညာ အတတ်ပညာစုံအောင် လေ့လာရန်လိုသလို တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံနှင့် လူမျိုး အပေါ် ချစ်မြတ်နိုးသောစိတ်၊ နိုင်ငံ့သားကောင်းစိတ်ဓာတ်များကို အစဉ်မွေးမြူကာ အမိနိုင်ငံတော်ကြီး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

> ❖မြန်မာ့ပညာရေးမျှော်မှန်းချက်သည် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းစေရန်ဖြစ်သည်။ ၂၁ ရာစုခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ပြောင်းလဲနေသော ခေတ်နှင့်အညီ အသိပညာနှင့် အတတ်ပညာများ ပြည့်စုံအောင် ကြိုးစားဖြည့်ဆည်းကြရမည်ဖြစ်သည်။ အတတ်ပညာက လူတော်ဖြစ်စေနိုင်သကဲ့သို့ အသိပညာက လူကောင်းဖြစ်စေမည်ဖြစ်သည်။ ❖

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

**ကျော်တင့်(ရွှေခရမ်း)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီး၌ မေတ္တာအခါတော်နေ့အခမ်းအနားတွင် ပန်းစေတီကပ်လှူပူဇော်ပွဲ ထည့်သွင်းကျင်းပမည်



ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီးတွင် ကျင်းပမည့် မေတ္တာအခါတော်နေ့အခမ်းအနားတွင် ပန်းပေါင်း ၈၄၀၀၀ ပါဝင်သည့် ပန်းစေတီကပ်လှူပူဇော်ပွဲကို ထည့်သွင်းကာ ဩဂုတ် ၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

ရွှေတိဂုံစေတီတော်ကြီးတွင် အခါတော်နေ့အခမ်းအနားများကို တစ်နှစ်တာကာလပတ်လုံး ကျင်းပလျက်ရှိရာ ဩဂုတ် ၈ ရက် ဝါခေါင်လပြည့်နေ့တွင် ကျရောက်မည့် မေတ္တာအခါတော်နေ့အခမ်းအနားကိုလည်း ရွှေတိဂုံစေတီတော်ကြီးရင်ပြင်တော်ပေါ်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်ဟု သိရသည်။

"ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော်နေ့ ရွှေတိဂုံစေတီတော်ကြီး ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲမှာ ထည့်သွင်းဆောင်ရွက်မှာဖြစ်ပါတယ်။ နံနက် ၅ နာရီခွဲမှာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ ဝန်ထမ်းများက ရွှေတိဂုံစေတီတော် မြတ်ကြီးကို ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များနဲ့ အရုဏ်ဆွမ်းကပ်လှူပူဇော်ကြမှာ ဖြစ်ပါတယ်။ နံနက် ၆ နာရီမှာ ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်းမှာ မေတ္တာအခါတော်နေ့အခမ်းအနားကျင်းပမှာဖြစ်ပါတယ်။ နံနက် ၇ နာရီမှာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းကနေ စတင်ပြီး တော့ပန်းစေတီတွေကို ပင့်ဆောင်ပြီးရင်ပြင်တော် တစ်ပတ်လှည့်လည် ပူဇော်ကြမှာဖြစ်ပါတယ်။ ပြီးရင်တော့ မုခ်လေးမုခ်က ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ အထက်ပစ္စယံက ပတ္တမြားမျက်ရှင်ရုပ်ပွားတော်ကြီးကို ပန်းစေတီများနဲ့ ပူဇော်မှာဖြစ်ပါတယ်။ နံနက် ၉ နာရီခွဲမှာ တော့ဝါတွင်းသီလခံယူပွဲ ရေစက်ချအခမ်းအနားနဲ့ သံဃာတော်တွေကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းမှာဖြစ်ပါတယ်" ဟု ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ASH

# A Quiet Place-3 ဇာတ်ကားကို ဆက်လက်ရိုက်ကူးထုတ်လုပ်ရန် စီစဉ်လျက်ရှိ

နယူးယောက် ဩဂုတ် ၄

Paramount ရုပ်ရှင်ကုမ္ပဏီသည် A Quiet Place–3 ဇာတ်ကားကို ဆက်လက်ရိုက်ကူးထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း ဩဂုတ် ၃ ရက် သတင်းများတွင် ရေးသားထားသည်။

A Quiet Place Part – 3 အမည်ရှိ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ကရာစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် A Quiet Place Part –3 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

၎င်းရိုက်ကူးထုတ်လုပ်ခဲ့သည့် A Quiet Place ဇာတ်ကားနှစ်ကားတွင် မင်းသမီး အမ်မလီဘလန်းက အဓိက သရုပ်ဆောင်အဖြစ်ပါဝင်ခဲ့ကြောင်း သိရသည်။

A Quiet Place Part –3 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျွန်ကရာစင်စကီးကပင် တာဝန်ယူရေးသားမည်ဖြစ်ကြောင်း သိရသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် A Quiet Place Part –3 ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇူလိုင် ၉ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# ချစ်ခြင်းကို ဗဟိုပြု၍ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လဒုတိယပတ်အတွင်း ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးသွားမည်ဖြစ်




ရန်ကုန် ဩဂုတ် ၄

စန္ဒာရုပ်ရှင် ထုတ်လုပ်ရေးမှ ချစ်ခြင်းကို ဗဟိုပြု၍ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်ထံမှ သိရသည်။

အဆိုပါ ချစ်ခြင်းကို ဗဟိုပြု၍ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မြတ်မျိုးမြင့်မာန်က ရေးဖွဲ့ထားပြီး မြတ်မျိုးမြင့်မာန်နှင့် ဆဲဗင်းဒေးတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က စန္ဒာရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်သည်ဟု သိရသည်။

"သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းဒရာမာ သန့်သန့်လေးပါ။ ဒီဇာတ်ကားမှာ မေလသံစဉ်ရဲ့ သရုပ်ဆောင်ချက်တွေကို မြင်ရပါလိမ့်မယ်။ အားကောင်းတဲ့ အချစ်ဇာတ်လမ်း တစ်ပုဒ်ကို သရုပ်ဆောင်အားကောင်းကောင်းနဲ့ ပုံဖော်ပေးသွားမှာပါ" ဟု ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ပြောပြသည်။

အဆိုပါ ချစ်ခြင်းကို ဗဟိုပြု၍ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရွှေထူး၊ စိုင်းစည်တွမ်ခမ်း၊ မေလသံစဉ်၊ မေသန်းနု၊ ကလေးသရုပ်ဆောင် မိကြယ်စင်ကျော်ကျော်နှင့်အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Spider-Man:Brand New Day ဇာတ်ကား၌ မင်းသား မာ့ရပ်ဖလိုး ပါဝင်ဖွယ်ရှိ

နယူးယောက် ဩဂုတ် ၄

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider–Man:Brand New Day ဇာတ်ကားသစ်၌ မင်းသား မာ့ရပ်ဖလိုး ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား မာ့ရပ်ဖလိုးသည် Spider– Man:Brand New Day ၌ ပါဝင်ရန်အတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက မင်းသား မာ့ရပ်ဖလိုးသည် မင်းသားတွန်ဟော်လန်းနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား မာ့ရပ်ဖလိုးသည် Spider– Man : Brand New Day တွင် Incredible Hulk ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Spider– Man : Brand New Day ဇာတ်ကားကို ဒါရိုက်တာ ဒက်စတင် ဒန်နီယယ်ခရက်တွန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဟေမာနေဝင်းတို့၏ အမှတ်တရ ဂန္ထဝင် တေးဂီတဖျော်ဖြေပွဲကို VIP Bar & Restaurantတွင်ဖျော်ဖြေမည်

ရန်ကုန် ဩဂုတ် ၄

တေးသံရှင် ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဟေမာနေဝင်းတို့၏ အမှတ်တရ ဂန္ထဝင် တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၉ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ VIP Bar & Restaurant ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း တေးသံရှင် ခင်မောင်ထူးထံမှ သိရသည်။

တေးသံရှင် ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဟေမာနေဝင်းတို့၏ အမှတ်တရ ဂန္ထဝင် တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၉ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ VIP Bar & Restaurant ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး Aurora Mu–sic Baund မိုးသောက်ပန်း တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၉ ရက်မှာ လုပ်မဲ့ အမှတ်တရ ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲမှာ တစ်ချိန်က လူကြိုက်များပြီး အခုထိလဲ လူကြိုက်များနေဆဲ ဂန္ထဝင်သီချင်းတွေကို ကျွန်တော်နဲ့အတူ ကိုဘိုဘိုဟန်နဲ့ ဟေမာတို့က သီချင်းဟောင်းတွေထဲက အကောင်းဆုံးသီချင်းတွေကို သီဆိုကြမှာမို့ ဂီတချစ်သူတွေကို ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ခင်မောင်ထူးက ပြောပြသည်။

တေးသံရှင် ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဟေမာနေဝင်းတို့၏ အမှတ်တရ ဂန္ထဝင် တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၉ ရက် ညနေ ၇ နာရီတွင် စတင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of the State Security and Peace Commission Senior General Min Aung Hlaing inspects Bogyoke Aung San Museum (Yangon), Ministers' Office (the Secretariat), and Yangon Region High Court



Senior General Min Aung Hlaing visits Bogyoke Aung San Museum (Yangon).



Senior General Min Aung Hlaing visits the Ministers' Office (the Secretariat).



Senior General Min Aung Hlaing views documentary photos at the Ministers' Office (the Secretariat).



Senior General Min Aung Hlaing visits Yangon Region High Court.

**Nay Pyi Taw August 4**

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by Joint Executive Chief of the National Defence and Security Council General Ye Win Oo and members of the entourage, and the Yangon Region chief minister and officials, inspected the displays and restoration of BogyokeAung San Museum (Yangon) in Bahan Township, Ministers' Office (the Secretariat) in Botahtaung Township, and Yangon Region High Court in Kyauktada Township, Yangon Region this morning.

**Bogyoke Aung San Museum (Yangon)**

The Senior General and party arrived at the Bogyoke Aung San Museum (Yangon) of the Ministry of Religious Affairs and Culture in Bahan Township and were conducted round the booths that displayed the General Aung San's car which was under repair, brief history of the museum, documentary photos and portraits, statue of General Aung San, photos and documentaries of his life as a child, a university student, a politician, a Tatmadaw leader, a national leader and a family man, personal items, his costumes or personal items shown in the parlour, special meeting room, bedroom and library, paintings, photos, furniture, books he read, books on his historical achievements published throughout the successive periods, by Union Minister for Religious Affairs and Culture U Tin Oo Lwin and officials.

Regarding the reports, the Senior General said General Aung San's car must be maintained with technicians for its sustainability. He then spoke of the need to further improve the resolution of the historical photos through modern methods, systematically install powerlines, ensure reader-friendliness of the excerpts of his historical speeches, clear undergrowth of the trees of either side of the road and keep the compound free from any garbage.

Afterward, the Senior General and party inspected the lake and the site where General Aung San cultivated edible crops along the ring road in the compound and restored the lake in accord with its original shape. He said visitors to the museum must be systematically recorded and the visitors who are recognized as significant ones such as 100th or 1000th visitors should be congratulated with appropriate gifts.

The former home of General Aung San, the architect of Myanmar's independence, was turned into a museum. The house built in 1921 is a European style building and mixture of western architectural designs. General Aung San lived with his family in the house from May1945 till he was assassinated in July 1947. It showcases the parlour, dining room, bedroom, reading room, children's bedroom, special meeting room, prayer room, the plantation where he grew crops during his free time, the English made Wolseley car he used to ride and documentary photos.

**Ministers' Office (Secretariat)**

The Senior General and party visited the Ministers' Office (Secretariat) building in Botahtaung Township. They inspected the historical records, documentary evidence, and photographs displayed inside the building, as well as the maintenance of the hluttaw hall. Officials provided detailed explanations on the exhibits and preservation efforts.

Regarding the presentations, the Senior General emphasized the need to use modern technology to enhance the clarity and precision of the displayed historical photographs and documents. He also instructed that captions for photographs and artifacts should follow proper spelling and grammar for easy readability and understanding. Additionally, he stressed the importance of adhering to original designs in restoration work and addressed other necessary improvements.

Later, the Senior General and party toured the Ministers' Office building, inspecting the General's Office and the meeting hall where the assassination of the General and national leaders was reenacted. They also examined the photo gallery displaying historical images and the exhibition hall featuring historical evidence. Officials provided further explanations on the preservation efforts.

Following the briefing, the Senior General directed that the meeting hall should maintain its original arrangement, depicting the assassination scene of the General and national leaders, as well as the location where General Aung San held office. He also instructed that historical photographs *See Page 13*

# Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing inspects maintenance of Yangon-Mandalay Expressway






Senior General Min Aung Hlaing inspects the reconstruction of the Swar Creek Bridge.

**Nay Pyi Taw August 4**

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by Joint Executive Chief of the National Defence and Security Council General Ye Win Oo, members of the entourage and officials, went by car from Yangon to Nay Pyi Taw along the expressway and inspected the damage of the road section caused by the earthquake this afternoon.

During the tour, the Senior General inspected the maintenance of the conduit at milepost 94 and gave necessary instructions on reports of officials.

Then, the Senior General and party arrived at the guesthouse of the Ministry of Construction and gave necessary instructions on planting evergreen trees on 200-foot road areas of both sides of the expressway, planting two or three rows of windbreakers 10-foot away from the expressway, planting trees in forest reserves in this rainy season, establishing small forests of about five to ten acres, taking action against illegal restaurants and other buildings constructed illegally in accordance with the Expressways Law, prevention of illegal road joining the expressway and construction of roads joining the expressway in accordance with the Expressways Law and rules and regulations, development of the project to upgrade the expressway into a four-lane road and other needs.

Then, the Senior General and party proceeded along the expressway and inspected the reconstruction of the Swar Creek Bridge before giving necessary instructions on systematic construction of the bridge, retaining walls of the creek, maintenance of the waterway and other needs.

The Senior General and party arrived back in Nay Pyi Taw in the evening. 100





Senior General Min Aung Hlaing inspects the maintenance of the conduit at milepost 94.

*From Page 12*

should be labeled clearly and that additional archival photos should be compiled for display. Given the building's historical significance, he emphasized the need for continuous preservation in line with its original design. Furthermore, he suggested consulting veteran journalists and writers to ensure historical accuracy and instructed experts to conduct systematic research to address structural weaknesses in certain parts of the building.

**Yangon Region High Court**

Subsequently, the Senior General and his entourage visited the Yangon Region High Court building, inspecting the offices, library, courtrooms, and the High Court Museum. The Chief Justice of the Yangon Region High Court and officials accompanied them and provided explanations.

After the briefing, the Senior General noted that the Yangon Region High Court is a heritage building and should be preserved without altering its original structure. He highlighted that the building is an attraction for foreign tourists and thus requires long-term maintenance to ensure its durability. He also instructed that cleanliness and aesthetic improvements should be systematically carried out. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## MBDA ကုမ္ပဏီက Aster လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ အီတလီသို့ ပထမဆုံးအသုတ် ပေးပို့ခဲ့



ဥရောပကုမ္ပဏီ တစ်ခုဖြစ်သည့် MBDA ကုမ္ပဏီသည် ၂၀၂၂ ခုနှစ် နှောင်းပိုင်းတွင် ချုပ်ဆိုခဲ့သည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉ ဘီလီယံ တန်ဖိုးရှိ ဝယ်ယူရေးစာချုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်Asterလေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များ ပထမဆုံးအသုတ်ကို အီတလီနိုင်ငံသို့ ပေးပို့ခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစာချုပ်အရ အီတလီနှင့် ပြင်သစ်နိုင်ငံတို့က ဒုံးကျည်ပေါင်း ၇၀၀ ကို မှာယူခဲ့ခြင်းဖြစ်သည်။ မူလက လာမည့် ၂၀၂၆ ခုနှစ်တွင် ပေးပို့ရန် စီစဉ်ထားသော်လည်း ဥရောပတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာခြင်းကြောင့် MBDA နှင့် Thales ကုမ္ပဏီနှစ်ခု ပူးပေါင်းအဖွဲ့က ထုတ်လုပ်မှုကို အရှိန်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် အစောပိုင်းတွင် ၎င်းတို့နှစ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က Aster ဒုံးကျည် ၂၁၈ စင်းကို ထပ်မံမှာယူခဲ့သေးသည်။

MBDA ကုမ္ပဏီ၏ CEO Eric Béranger က "ထုတ်လုပ်မှုအချိန်ကို သိသိသာသာ လျှော့ချနိုင်ခဲ့တဲ့ Aster ဒုံးကျည် ပထမဆုံးအသုတ်ကို ပေးပို့နိုင်ခဲ့တာဟာ MBDA ကုမ္ပဏီအတွက် အောင်မြင်မှုတစ်ခုပါ" ဟု ပြောကြားခဲ့သည်။ ၎င်းက ဆက်လက်ပြီး "ဒါဟာ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုစက်ရုံတွေ တိုးချဲ့ဖို့နဲ့ကာကွယ်ရေးစက်မှု၊ နည်းပညာဆိုင်ရာ အခြေခံအုတ်မြစ်ကို ခိုင်မာစေဖို့အတွက် ဖောက်သည်တွေနဲ့အတူ လက်တွဲလုပ်ဆောင်နေတဲ့ ကတိကဝတ်ကို ပြသလိုက်တာပဲဖြစ်ပါတယ်။ ဒီလို အရှိန်မြှင့်တင်မှုက အီတလီ၊ ပြင်သစ်နဲ့ ဗြိတိသျှ တပ်ဖွဲ့ဝင်တွေအတွက် ဥရောပကောင်းကင်ယံကို ကာကွယ်ပေးနိုင်မဲ့ မရှိမဖြစ်လိုအပ်တဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေကို ပေးစွမ်းနိုင်မှာဖြစ်သလိုပင်လယ်နီဒေသနဲ့ ယူကရိန်းတို့မှာ Asterကို တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုခဲ့ခြင်းက ဒါကို သက်သေပြနေပြီး NATO ရဲ့ ကာကွယ်ရေးစွမ်းရည်ကိုလည်း မြှင့်တင်ပေးနိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

စာချုပ်တွင် Aster ဒုံးကျည်အမျိုးအစား လေးမျိုး ပါဝင်သည်။ ၎င်းတို့မှာ Aster 30 B1 New Technology (NT)၊Aster 30 B1၊Aster 30 Bနှင့်Aster 15 တို့ဖြစ်ကြသည်။ Aster 30 B1 NT သည် လှုပ်ရှားစစ်ကစားနိုင်မှု ပိုမိုမြင့်မားကောင်းမွန်ပြီး ပြင်သစ်လေတပ်၊ အီတလီကြည်းတပ်၊ အီတလီလေတပ်နှင့် အီတလီရေတပ်၏ Horizon ဖရီးဂိတ်စစ်သင်္ဘောများအတွက် တပ်ဆင်အသုံးပြုရန်ရည်ရွယ်ထားကြောင်း သိရသည်။

Aster 30 B1ကို အီတလီလေတပ်အတွက် ဝယ်ယူခဲ့ပြီးAster 30B နှင့်Aster 15 ကိုမူ ပြင်သစ်နှင့် အီတလီရေတပ်များအတွက် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Aster ဒုံးကျည်သည် ဒေါင်လိုက် ပစ်လွှတ်နိုင်သော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်အမျိုးအစားဖြစ်ပြီး ထိရောက်အကွာအဝေးမှာ ကီလိုမီတာ ၃၀ မှ ကီလိုမီတာ ၁၅၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ Aster 15ဒုံးကျည်ကို အစုလိုက်အပြုံလိုက် ဒုံးကျည်တိုက်ခိုက်မှုများနှင့် တိုက်လေယာဉ်များကို တန်ပြန်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားသော Aster 30B ဒုံးကျည်မှာ ပဲ့ထိန်းဒုံးကျည်များကို တန်ပြန်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။ ဤ Aster ဒုံးကျည်ကို ပြင်သစ်၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့မှ အဓိကအသုံးပြုလျက်ရှိပြီး SAMP/Tနှင့် PAAMS လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ အဓိကအစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း သိရသည်။

**MBDA Delivers First Batch of Aster Air Defense Missiles to Italy** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်က ဒရုန်းနှင့် ဒုံးကျည်တန်ပြန်ရေးလက်နက်စနစ် ဖွံ့ဖြိုးတိုးတက်စေရန် Dynetics ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို

ကမ္ဘာတစ်ဝန်းတွင် လေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများ လျင်မြန်စွာပြောင်းလဲလာနေချိန်၌ အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ဒရုန်းနှင့် ဒုံးကျည်တန်ပြန်ရေး Indirect Fire Protection Capability (IFPC)လက်နက်စနစ်ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Dynetics ကုမ္ပဏီနှင့်ဒေါ်လာ ၂၆၄ ဒသမ ၆ သန်းတန်ဖိုးရှိ စာချုပ်အသစ်တစ်ခုကို ဇူလိုင် ၃၀ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၁ရက်တွင်ရေးသားဖော်ပြခဲ့သည်။

အဆိုပါလက်နက်စနစ်သည် အမေရိကန်နှင့် မဟာမိတ်များ၏ အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်လာနိုင်သည့် ဒရုန်းများ၊ ခရုစ်ဒုံးကျည်များနှင့် ရော့ကက်များအပါအဝင် ခြိမ်းခြောက်မှုအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

Indirect Fire Protection Capability (IFPC)သည် အမေရိကန်ကြည်းတပ်၏ အစီအစဉ်တစ်ခုဖြစ်ပြီး တပ်စွဲထားသော စစ်စခန်းများနှင့် အရေးကြီးအဆောက်အအုံများကို ဒုံးကျည်များ၊ အမြောက်ဆန်များ၊ မော်တာကျည်များ (RAM)၊ မောင်းသူမဲ့လေယာဉ်စနစ်များ(UAS)နှင့် ခရုဇ် ဒုံးကျည်များကဲ့သို့သော လေကြောင်းရန်ခြိမ်းခြောက်မှုများမှ ကာကွယ်ရန် ရည်ရွယ်ထုတ်လုပ်ထားသည်။ ဤစနစ်သည် အလွှာလိုက် ကာကွယ်ရေးမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး M-SHORADကဲ့သို့သော တာတိုပစ်စနစ်၊ Patriotကဲ့သို့သော တာဝေးပစ်စနစ်များကြား ကြားခံအလွှာတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ၎င်းသည် ရှုပ်ထွေးနက်နဲသော စစ်မြေပြင်အခြေအနေများတွင် တပ်ဖွဲ့များအတွက် လျင်မြန်စွာတုံ့ပြန်နိုင်မှုနှင့် ရွှေ့လျားနိုင်မှုကို အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

IFPC စနစ်ကို ကြည်းတပ်၏ ပေါင်းစည်းတိုက်ပွဲဝင် ကြီးကြပ်ကွပ်ကဲမှုစနစ် (Integrated Battle Command System -IBCS)တွင် ထည့်သွင်းဖွဲ့စည်းသွားနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားသည်။ ၎င်းသည် ရေဒါများ၊ လက်နက်စနစ်များနှင့် ကြီးကြပ်ကွပ်ကဲမှုစနစ်များကြား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် Iron Dome စနစ်တွင် အသုံးပြုသည့် Tamir ဒုံးကျည်နှင့် အဆင့်မြှင့်တင်ထားသော AIM-9X ဒုံးကျည် ဗားရှင်းအပါအဝင် အခြားဒုံးကျည်အမျိုးအစားများကိုလည်း ထည့်သွင်းပစ်ခတ်နိုင်သည်။

Dynetics ကုမ္ပဏီမှ IFPC Inc 2 အစီအစဉ်အောက်တွင် တီထွင်ထားသော ဒုံးပစ်လောင်ချာစနစ်များသည် မဟာမိတ်တပ်ဖွဲ့များနှင့်ပါ တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သောကြောင့် အနာဂတ်တွင် အမေရိကန်ကြည်းတပ်၏ လေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးတွင် အဓိကမဏ္ဍိုင်တစ်ခုဖြစ်လာလိမ့်မည်ဟု မျှော်မှန်းထားကြသည်။



ဤစာချုပ်သစ်သည် အမေရိကန်ကြည်းတပ်၏ IFPC Inc 2 အစီအစဉ်အတွက် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုလည်းဖြစ်သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင်လည်း အမေရိကန်စစ်ဘက်သည် IFPC Inc 2 အစီအစဉ်အတွက် Dynetics ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိ သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

IFPC လက်နက်စနစ်သည် အမေရိကန် ကြည်းတပ်၏ တစ်ခုတည်းသော တိုက်ပွဲဝင် ထိန်းချုပ်မှုစနစ်ဖြစ်သည့် IBCS နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ဒီဇိုင်းထုတ်ထားသည်။ ဤပေါင်းစပ်မှုသည် အာရုံခံကိရိယာများနှင့် ဒုံးကျည်စနစ်များကြား အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးသောကြောင့် အမျိုးမျိုးသော လေကြောင်းခြိမ်းခြောက်မှုများကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ခြင်းစွမ်းရည်များကို သိသိသာသာ တိုးတက်မြင့်မားစေသည်။ ယခုစာချုပ်သည် အမေရိကန်စစ်ဘက်၏ အနာဂတ် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး စွမ်းရည်များ၏ အဓိကအုတ်မြစ်တစ်ခုဖြစ်လာရန် မျှော်မှန်းထားကြောင်း သိရသည်။

**US strengthens its air defense with IFPC system next-gen anti-drone and anti-rocket shield** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၄၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၄၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၂၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၈၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၄၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ နံနံ၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ဆက်လက်ပြောပြ၍သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလောက်ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇွန်လအတွင်းက ငါးသလောက်ပိဿာချိန် ၆၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးသလောက်ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေကြောင်း သိရသည်။

''ဒေသထွက် ရေထွက်ကုန်တွေကိုရန်ကုန်မြို့ကို ပုံမှန်အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ငါးသလောက်ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကို ပြန်လည် တင်ပို့ရောင်းချနေပါတယ်'' ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေးတစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်ခြင်းနှင့်မြေနီခင်းခြင်းလုပ်ငန်း စစ်ဆေး

**ရေနံချောင်း ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန် ကျေးရွာချင်းဆက်လမ်းမြေသား တာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ (မြို့ပြ) ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက ဖန်ခါးစမ်း-သန်းပင်ကုန်း - အလယ်ကန်ကျေးရွာချင်းဆက်လမ်းကို မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် တာဝန်ခံအင်ဂျင်နီယာ (မြို့ပြ) ဒေါ်သီရိဖြိုးဝေဝင့်က ကျေးရွာသုံးရွာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ ဖန်ခါးစမ်း - သန်းပင်ကုန်း-အလယ်ကန် ကျေးရွာချင်းဆက်လမ်းကို မြေသားတာပေါင်တင်ခြင်းနှင့် လမ်းအရှည်ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၅၂ ဒသမ ၅ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**နော်လူး**




# ကျောက်ဆည်မြို့နယ် ဇလဲကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇလဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဇလဲကျေးရွာ၌ ယခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးကာ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူသူငြိမ်း**







နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်း ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့် မော်တော်ယာဉ်ပြသထားရှိမှုနှင့် မော်တော်ယာဉ်အား ပြင်ဆင်နေမှု၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ မှတ်တမ်းဓာတ်ပုံများနှင့် ပုံတူပန်းချီကားများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူရုပ်တု၊ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝမှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့်အသုံးအဆောင်ပစ္စည်းများ၊ ဧည့်ခန်း၊ အထူးအစည်းအဝေးခန်း၊ အိပ်ခန်း၊ စာကြည့်တိုက်တို့အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များနှင့် ဗိုလ်ချုပ်၏သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့်စာအုပ်များအား စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယဉ်အား ရေရှည်တည်တံ့ကောင်းမွန်နေစေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမိုကောင်းမွန်ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးလိုင်းများ သွယ်တန်းထားရှိမှုများကိုလည်း စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဗိုလ်ချုပ်၏မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရေး ကြည်လင်ပြတ်သားမှုရှိအောင် ပြန်လည်ဆောင်ရွက်ပြသထားရှိရန် လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များမရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဝင်းအတွင်းရှိ ရေကန်၊ ဗိုလ်ချုပ်ကိုယ်တိုင်စိုက်ပျိုးခဲ့သည့် သီးပင်စားပင်စိုက်ခင်းနေရာပြကွက်နှင့် ပြတိုက်ပတ်လမ်းအတိုင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကန်၏ ပုံသဏ္ဌာန်အမှန်ကို ပြန်လည်ဖော်ထုတ်လေ့လာ၍ နဂိုမူလပုံစံမပျက် ပြသထားရှိရန်လိုကြောင်း၊ ပြတိုက်သို့လာရောက်လေ့လာသူများကိုလည်း စနစ်တကျ စာရင်းသွင်းထားရှိရန်လိုပြီး ထူးခြားသည့် ကိန်းဂဏန်းများဖြစ်သည့် ရာပြည့်၊ ထောင်ပြည့်လာရောက်သူများအတွက် သင့်လျော်သည့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်း ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သော အိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သောအဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်းအားလပ်ချိန်တွင် စိုက်ပျိုးသော စိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစားမော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့ကို ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် သတ်မှတ်ချိန်များအတွင်း အခမဲ့ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

## ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည်အဖွဲ့ဝင်များလိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံသို့ရောက်ရှိကြပြီး အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်း အထောက်အထားစာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သမိုင်းကြောင်းကို ဖော်ပြလျက်ရှိသည့် ဓာတ်ပုံများနှင့် စာရွက်စာတမ်းများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက် ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ခင်းကျင်း ပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း











နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်း အထောက်အထားစာရွက်စာတမ်းများ၊ ဓာတ်ပုံများထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ရေးထုံးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာဖတ်ရှုနားလည်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရာတွင် ယခင်ခေတ်ကအသုံးပြုခဲ့သည့် ပုံစံများအတိုင်းဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးများရုံးအဆောက်အအုံအတွင်းလှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအားပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့် အဆောက်အအုံထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ထိုခေတ်တွင်မီခဲ့သည့် သတင်းစာဆရာကြီးများ၊ စာရေးဆရာများအား လိုက်လံမေးမြန်း၍ တစ်ပုံစံတည်းဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံ၏ အချို့နေရာများ၌ နိမ့်ကျနေမှုအား ပြန်လည်မြှင့်တင်ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသို့ ရောက်ရှိကြပြီးအဆောက်အအုံအတွင်းရှိ ရုံးခန်းများ၊ စာကြည့်တိုက်၊ တရားခွင်များနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ပြတိုက်အတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၉၄ နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ နှစ်တန်း သို့မဟုတ် သုံးတန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုပြင် တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များ စိုက်ပျိုးသွားရန်နှင့် ငါးဧက၊ ၁၀ ဧကခန့် ရှိသော သစ်တောငယ်များ ထူထောင် စိုက်ပျိုးသွားရန်လိုကြောင်း၊ အမြန်လမ်းမကြီးဘေးတစ်လျှောက်ရှိ တရားမဝင် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် အခြားတရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အမြန်လမ်းမကြီးဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမြန်လမ်းပေါ်သို့ တက်ရောက်ရန်အတွက် တရားမဝင်လမ်းများ ဖောက်လုပ်ထားရှိမှု မရှိစေရေးနှင့် အမြန်လမ်းမပေါ် တက်ရောက်မည့် သတ်မှတ်ထားသည့် လမ်းများကိုလည်း အမြန်လမ်းမကြီး ဥပဒေ၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ဖောက်လုပ်ရေးအတွက်လည်း ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို လေးလမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဆက်လက်ထွက်ခွာလာကြပြီး ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊ ဆွာချောင်းကမ်းထိန်းလုပ်ငန်းများနှင့် ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်စေရန် မိမိတို့တစ်ယောက်ချင်းစီက ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။



တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်း ၄၇၉၅ ဦး၊ သားဖွားဆရာမ ၁၀၅၈ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၂၂ ဦးအပါအဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ခုတင် ၅၀ အဆင့်ထိ အထူးကုဆရာဝန်များ ခန့်ထားနိုင်ခြင်းနှင့် သစ်လွင်လက်ထောက်ဆရာဝန်များနှင့် သစ်လွင်သွားနှင့် ခံတွင်းဆရာဝန်များ ထပ်မံခန့်ထားနိုင်ခြင်းကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေး မြင့်မားစေရေးအတွက် ဗဟိုအဖွဲ့အနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အခမဲ့ဓာတ်ခွဲ၊ ဓာတ်မှန်စမ်းသပ်စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်က တိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ ခေတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် လူနာများ၏စိတ်ထုတ်ကုန်ကျငွေ လျော့နည်းလာသည်ကို ကောက်ခံရရှိသောအချက်အလက်များအရ တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း ပညာရှင်ဘွဲ့ချီးမြှင့်ခြင်း၊ လုပ်အားခများ ချီးမြှင့်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးနိုင်ခြင်း စသည်ဖြင့် ပံ့ပိုးမှုများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တွေ့ရှိခဲ့ရသော အားသာချက်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပြီး အားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်ကာ စာမျက်နှာသစ်ကို ပိုမိုလှပစေရန်၊ နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်စေရန် မိမိတို့တစ်ယောက်ချင်းစီက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှု အညွှန်းကိန်းများ တိုးတက်စေရေးနှင့် တွေ့ကြုံရသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်သည့် ကျန်းမာရေးစနစ်ဖြစ်စေရေး ဆက်လက်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကြပြီး တက်ရောက်လာကြသည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၄

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်း ရပ်ကွက် ဇီးအုန်ကုန်းလမ်း ခြံအမှတ်(၁၇/A)တွင် ပါတီရုံးချုပ် တည်ရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီ များ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၇-၂၀၂၅ ရက်တွင် လျှောက်ထားလာ ပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြ လာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ် ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေ ရန် ကြေညာအပ်ပါသည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**

ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၁/ ၂၀၂၅ )**
၁၃၈၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် ဦးဥတ္တမလမ်း အမှတ်(၄၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ကို ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီမှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ၏ မှတ်ပုံတင်အမှတ်မှာ ၅၈ ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများပေးအပ်လှူဒါန်း

မန္တလေး ဩဂုတ် ၄

တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့ ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ဌာနနှင့် သွေးစစ်ဌာနဓာတ်ခွဲခန်းတို့အတွက် ငွေကျပ်သိန်း ၂၀၀ ခန့် တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့တွင် မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌကိုယ်စား တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းခွဲ (မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အဖွဲ့က ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းရာ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် လှူဒါန်းမှုတို့အတွက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဆေးကုသမှု ခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်း အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဩဂုတ် ၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့၌ ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား၊ လမ်းသားပဲ့ကျမှုအား ပြန်လည်ပြုပြင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု

**နေပြည်တော် ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိုင်းပျဉ်း-ကျိုင်းတုံအပိုင်း) (၃၅၈/၆-၃၅၈/၇)မိုင် တုံတာမြို့အတွင်း ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား၊ လမ်းသားပဲ့ကျမှုအား ပြုပြင်ဆောင်ရွက်နေသည့်နေရာကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းတာပေါင်ပဲ့ကျမှုနှင့် ကတ္တရာကွန်ကရစ် (AC) လမ်းသားပဲ့ကျခဲ့မှုအခြေအနေ၊ ရေတိုက်စားမှုမှကာကွယ်ရန် ချောင်းအတွင်း မျှောတုတ်ရိုက်ခြင်း၊ သဲအိတ်ကာရံနေမှုအခြေအနေ၊ လမ်းသားပဲ့ကျမှုမှ ကာကွယ်ရန် မျှောတုတ်ရိုက်ခြင်း၊ သဲအိတ်စီခြင်းအခြေအနေနှင့် မူလလမ်းသားအကျယ်ရရှိရန် မြေဖို့ဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းပိုင်းသည် နမ့်စင်ချောင်းရေတိုက်စားမှုကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၃၀ ရက်က အလျား ၇၄ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ၂၅ ပေခန့် လမ်းပခုံးနှင့် ကတ္တရာကွန်ကရစ်(AC) လမ်းသားပဲ့ကျခဲ့ရခြင်းဖြစ်ပြီး လမ်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့၌ ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား၊ လမ်းသားပဲ့ကျမှုအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

# ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၃ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက် ည ၈ နာရီမှ ဩဂုတ် ၃ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၁၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်လေးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ရောဂါဆိုင်ရာအသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့ အခြေခံပညာကျောင်း၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်နေစဉ်။

**နေပြည်တော် ဩဂုတ် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများကို စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၃ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၉၈ ဦး ထပ်မံ၍ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆင်လျှော့ရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့် လာရောက်ပြသသည့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၉၄ ဦး၊ အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၂၁၆ ဦးတို့ကို တပ်မတော်သားဆရာဝန်များနှင့် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၄**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များကို မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများကို ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။




Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းအမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ပထမဆု ဆွတ်ခူး



**နေပြည်တော် ဩဂုတ် ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာနကကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးသည်။

အမျိုးသား သုံးယောက်တွဲအဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲအဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန် တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်း ဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ ဗိုလ်လုပွဲ ပြိုင်ပွဲများအပြီး တွင် အမျိုးသား၊ အမျိုးသမီး လေးယောက် တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ် များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အမျိုးသား လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မွန်ပြည် နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးအသင်းက မကွေးတိုင်း ဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေး တိုင်းဒေသကြီးအသင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်း ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီးအသင်းက ကရင်ပြည်နယ် အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည် နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်း ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေး တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးအသင်းက ကရင်ပြည်နယ် အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ယနေ့ နံနက် ၉ နာရီမှ စတင်၍ အမျိုးသား လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲများအဖြစ် ရှမ်း ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း နှင့် မွန်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသ ကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ် အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ချင်း ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်း နှင့် ရခိုင်ပြည်နယ်အသင်း၊ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသ ကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း နှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်း ဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြပြီး အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်ထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# မင်္ဂလာတောင်ညွန့်၊ ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက် ဂျိုးဖြူလမ်းတွင် စောင့်ဆိုင်း နေစဉ် ဂျိုးဖြူလမ်းရှိ ကားဂိတ်မှ ပါဆယ်ပစ္စည်းထုတ်ယူပြီး ထွက်လာသူ အောင်သူရဟိဏ်းအား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး (Happy Water) ၂ ဒသမ ၀၀၉ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၇၀၃ ဒသမ ၁၅ သိန်း)နှင့် ကက်တမင်း သုည ဒသမ ၀၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်း ဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၀)ကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီခွဲ တွင် သတင်းအရ ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် စိုက်ခင်းပတ်လမ်းရှိ မကြည် မြင့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ (တစ်ပြား လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၅ သိန်း)နှင့် မြန်မာငွေကျပ် သုံးသိန်းတို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက် စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၃ နာရီခွဲတွင် အင်းစိန်မြို့နယ် ကမ်းနား (အနောက်ရပ်ကွက်) ဓနသိဒ္ဓိလမ်းပေါ် တွင် ကောင်းဆက်မော်(ခ)ပြောင်ကြီးအား စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြား လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀) ဆက်လက်ဖမ်းဆီးရမိ သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



## ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၆-၈-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက် အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မိုးနှင့်အတူ သတိပြုရမည့်ခြင်

မန်းတင့်မော်

မိုးရာသီသို့ ပီပီပြင်ပြင်ရောက်ရှိလာသည်နှင့်အမျှ ခြင်များပို၍ပေါများလာသည်။ ပူအိုက်စွတ်စိုသောရာသီဖြစ်သဖြင့် ခြင်တို့ပေါက်ဖွားရန်အကောင်းဆုံးသောအနေအထားသို့ ရောက်ရှိလာတော့သည်။ မိုးနှင့်ခြင်၊ ခြင်နှင့်မိုးသည် ဆက်စပ်လျက်ရှိသည်။

ခြင်သည် ရေတွင်သားပေါက်သော အင်းဆက်တစ်မျိုးဖြစ်ရာ မိုးရာသီတွင် ရေများစွာရရှိပြီး ပတ်ဝန်းကျင်တွင် ရေအိုင်၊ ရေကန်၊ ရေမြောင်းမှသည် ချောင်းမြစ်များထိ ရေဝင်ရောက်ရှိရာနေရာများသည် ခြင်တို့မျိုးဆက်ခံရာနေရာများဖြစ်တော့သည်။ ရေနှင့်ခြင်၊ ခြင်နှင့်ရေသည် ခွဲခြားမရသော သတ္တဝါနှင့်ပတ်ဝန်းကျင်ဟုဆိုနိုင်သည်။ ရေရှိသောနေရာတချို့တွင် ရာသီဥတုနှင့်ခြင်ပေါက်ဖွားရန် ဂေဟစနစ်ပြည့်စုံမှုမရှိသောကြောင့် ခြင်မရှိသော အရပ်ဒေသများလည်းရှိသည်။ ကမ္ဘာပေါ်တွင် အန္တာတိကတိုက်သည် ခြင်အပါအဝင် အင်းဆက်ပိုးမွှားအများစုမရှိသော ဒေသဖြစ်သည်။ အလွန်အေးသောရာသီဥတုနှင့် ပတ်ဝန်းကျင်က ခြင်များတည်ရှိရန် အခြေအနေမပေးပေ။ အိုက်စလန်နိုင်ငံ ဆေးရှဲလ်ကျွန်းစု၊ ပြင်သစ်နိုင်ငံ ပိုလီနီးရှားနှင့် ချီလီနိုင်ငံ၏ အချို့ဒေသများတွင် ခြင်များမရှိဟု မှတ်တမ်းများကဖော်ပြထားသည်။

ခြင်၏သမိုင်းကြောင်းကိုလေ့လာလျှင် လွန်ခဲ့သောနှစ်သန်း ၁၂၀ ခန့်က စတင်ဖြစ်ပေါ်လာသည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။ မြန်မာနိုင်ငံ၌လည်း လွန်ခဲ့သောနှစ် ၉၉ သန်းခန့်က ရှင်သန်ခဲ့သောခြင်ကျောက်ဖြစ်ရုပ်ကြွင်းကို မြန်မာ့ပယင်းကျောက်တွင် တွေ့ရှိခြင်းကို မှတ်သားမိပါသည်။ ကမ္ဘာ့သက်တမ်းအရင့်ဆုံး ခြင်ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်လည်း သတ်မှတ်ထားသည်။ ခြင်၏သမိုင်းဝင်အစောဆုံးရုပ်ကြွင်းထိန်းသိမ်းရာ နေရာတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်သွားသည်။ ဇီဝမျိုးစုံမျိုးကွဲများလေ့လာရန်အတွက် အထောက်အထားကောင်းတစ်ခုလည်းဖြစ်နေပြန်သည်။

မိုးနှင့်အတူ ခြင်ပေါက်ဖွားမှုနှုန်းမှာ မြင့်တက်လာလေ့ရှိသည်။ ခြင်မများသည် ရေသေ၊ ရေအိုင်၊ ရေဝပ်နေရာများတွင် ဥချလေ့ရှိသည်။ ခြင်၏ဘဝစက်ဝန်းတွင် ဥ၊ ပိုးလောက်လမ်း၊ ပိုးရုပ်ဖုံးနှင့် အရွယ်ရောက်အဆင့်ဟူ၍ အဆင့်လေးဆင့်ရှိရာ အရွယ်ရောက်အဆင့်မှလွဲ၍ ကျန်အဆင့်များသည် ရေထဲတွင်သာဖြတ်သန်းရသည်။ ထို့ကြောင့်ရေရှိရာနေရာအများစုတွင် ခြင်ပေါက်ဖွားနိုင်သည်။ ခြင်မ ဥချသောအရေအတွက်သည် ခြင်မျိုးစိတ်ပေါ်မူတည်၍ ဥပေါင်း ၅၀ မှ ၂၀၀ ထိ ရှိနိုင်သည်။ ဥ၏ပုံသဏ္ဍာန်၊ အရွယ်အစားနှင့် တည်ရှိပုံများလည်း ကွာခြားနိုင်သည်။ ပိုးလောက်လမ်းအဖြစ်ရောက်ရှိရန် တစ်ရက်၊ နှစ်ရက်ခန့်ကြာသည်။ ပိုးလောက်လမ်းသည် ရေတွင်နေထိုင်လျက် ရေမှအဏုဇီဝ(အလွန်သေးငယ်သောသက်ရှိငယ်)များ၊ အပင်များကိုစားသုံး၍ ခန္ဓာကိုယ်ဖုံးအုပ်ထားသောအရေခွံကို လေးကြိမ်ထိလဲသည်။ ခုနစ်ရက်မှ ၁၀ ရက်အတွင်း ကြီးထွား၍ ရေမျက်နှာပြင်အပေါ်ရှိ လေရှူရန်ပြွန်မဖြင့်ရေပြင်ကို ချိတ်ဆက်ထားသည်။ ထို့နောက် ကိုယ်အခွံဖွံ့ဖြိုး၍ ပိုးရုပ်ဖုံးအဆင့်ရောက်ရှိသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် တောင်ပံများဖွံ့ဖြိုးလာသည်။ အရွယ်ရောက်ခြင်တစ်ကောင်အဆင့်သို့ ကူးပြောင်းရန် နှစ်ရက်မှငါးရက်ခန့်ထိ ကြာမြင့်သည်။ ခြင်တစ်ကောင်အဖြစ် ပီပီပြင်ပြင်ဖြစ်ရန် ပိုးရုပ်ဖုံးအခွံမှထွက်ပြီး တစ်ရက်ခန့်အတွင်း ပျံသန်းနိုင်စွမ်းရှိလာသည်။ မျိုးပွားရန် အရွယ်ရောက်လာချိန်လည်းဖြစ်သည်။ ခြင်း၏ဘဝစက်ဝန်း လျင်မြန်စွာဖွံ့ဖြိုးရန် ပူနွေးစွတ်စိုသောရာသီဥတုက အထောက်အကူပြုသည်ဟုလည်း သိရှိရပါသည်။

ငှက်ဖျားရောဂါသည် အနောဖလိ (Anopheles) ခြင်ကြောင့်ဖြစ်ပွားရသည်။ ယခုအခါ အများသိခြင်တစ်နည်းအားဖြင့် ငှက်ဖျားခြင်ဟု နားလည်နိုင်သည်။



ယခင်ကမူ တောတောင်ထူထပ်ရာဒေသသို့ သွားရောက်ရလျှင် ထိုဒေသရှိစိမ့်စမ်းရေများကို သောက်သုံးမိခြင်း၊ ဒေသထွက်အသီးအနှံ (ငှက်ပျော၊ သဘော်သီး) စသည်တို့ကိုစားသုံးခြင်းကြောင့် ငှက်ဖျားဖြစ်ရသည်ဟု ယူဆခဲ့ကြသည်။ ကမ္ဘာ့ငှက်ဖျားသမိုင်းနှင့် သက်ဆိုင်ရာမှတ်တမ်းများမှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ကမ္ဘာပေါ်တွင် ခရစ်တော်မပေါ်မီ ဘီစီ-၄၀၀ ခန့်ကပင် ဆေးကျမ်းများတွင် ငှက်ဖျားရောဂါအကြောင်းကိုဖော်ပြခဲ့သော သမိုင်းကြောင်းရှိသည်။ ငှက်ဖျားရောဂါလက္ခဏာများမှာ ခေါင်းခဲခေါင်းကိုက်ခြင်း၊ ချမ်းတုန်ခြင်းနှင့် အဖျားတက်ခြင်းတို့ဖြစ်သည်။ အဆိုပါလက္ခဏာများကို တစ္ဆေကြီးသုံးမျိုးကြောင့်ဖြစ်သည်ဟု တရုတ်ဆေးကျမ်းများတွင် သရုပ်ဖော်ပြခဲ့သည်။ ခေါင်းကိုက်ခြင်းကိုစိုးမိုးသော တစ္ဆေကြီးက တူတစ်လက်ကိုကိုင်ထားသည်။ ချမ်းတုန်ခြင်းကိုဖြစ်စေသောတစ္ဆေကြီးက လက်တွင် ရေတစ်ပုံးကိုဆောင်ထားသည်။ အဖျားတက်ရန်တာဝန်ယူရသော တစ္ဆေကြီးကမူ မီးတောက်နေသော မီးဖိုတစ်ဖိုကို ရင်မှာပိုက်ထားသည်ဟူသည့် ယုံကြည်မှုကိုဖော်ပြခဲ့သည်။

ရောမခေတ်ဂရိဆေးသမားတော်တို့၏ ယုံကြည်မှုမှာ ငှက်ဖျားရောဂါသည် ရွှံ့နွံရေအိုင်များမှထွက်သော ရေအပုပ်နံ့ကိုရှူမိသဖြင့် ရောဂါကူးစက်သည်ဟူ၍ဖြစ်သည်။ ငှက်ဖျားရောဂါ၏ အများသိအမည်မှာ Malaria ဖြစ်သည်။ အထိုအမည်ကို ၁၇၅၃ ခုနှစ်တွင် အီတာလျံပညာရှင်တော်တီ (Torti) က မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ အီတလီနိုင်ငံရှိ ပွန်တင်းရွှံ့နွံဒေသ၌ နေထိုင်ကြသောလူတိုင်းတွင် ငှက်ဖျားရောဂါဖြစ်ပွားသဖြင့် လက်တင်ဘာသာဖြင့် Mala – (မကောင်းသော) aria(လေ)ဖြစ်သဖြင့် Malaria ဟူ၍ "a" တစ်လုံးဖြုတ်ပြီးခေါ်ဝေါ်ခဲ့ရာမှ ယနေ့တိုင်တွင်နေသောအမည်ဖြစ်ပါသည်။

ငှက်ဖျားရောဂါနှင့်စပ်လျဉ်းပြီး ဆက်လက်၍ သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၁၈၉၇-၁၈၉၈ ခုနှစ်တွင် ဗြိတိသျှဆရာဝန်ရော့ (Ross) က ခြင်အမျိုးမျိုးထဲမှ အနောဖလိ (Anopheles)ခြင်မျိုးကသာ လူတွင်ကူးစက်ဖြစ်ပွားသော ငှက်ဖျားပိုးကို သယ်ဆောင်ကြောင်းတင်ပြခဲ့သည်။ အဆိုပါပညာရှင် ရော့က ငှက်များတွင်ဖြစ်ပွားသော ငှက်ဖျားရောဂါကို အနောဖလိခြင်မျိုးက သယ်ဆောင်ကြောင်း စမ်းသပ်မှုရလဒ်ကို တင်ပြနိုင်ခဲ့သည်။ ငှက်များတွင် ဖြစ်ပွားသော ငှက်ဖျားပိုး၏ဘဝစက်ဝန်းကို ပထမဆုံးအကြိမ် သုတေသနဆောင်ရွက်၍ တင်ပြနိုင်ခဲ့သဖြင့် ၁၉၀၂ ခုနှစ်အတွက် ဆေးဘက်ဆိုင်ရာနိုဘယ်ဆုကို ချီးမြှင့်ခံခဲ့ရကြောင်းလည်း မှတ်သားမိပါသည်။

ငှက်ဖျားရောဂါကိုသယ်ဆောင်သော အနောဖလိခြင်မျိုးတွင် အဓိကလေးမျိုးကသာ ရောဂါဖြစ်ပွားစေသည်ဟုဆိုပါသည်။ (၁) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆားငန်ရေ၌ ပေါက်ဖွားသောမျိုးစိတ်၊ (၂) တောတောင်ထူထပ်ရာဒေသများ၏ ရေစီးသောချောင်းများ၌ ပေါက်ဖွားသောမျိုးစိတ်၊ (၃) ရှမ်းပြည်နယ်ရေကြည်တွင် ပေါက်ဖွားသောမျိုးစိတ်၊ (၄) မြန်မာနိုင်ငံအလယ်ပိုင်း လယ်ကွင်း၊ အင်းအိုင်များတွင် ပေါက်ဖွားသောမျိုးစိတ်များ ဖြစ်ကြသည်။ မိုးရာသီနှင့်အတူ ငှက်ဖျားရောဂါကလည်း ခေါင်းထောင်လာနိုင်သည့်အတွက် သတိပြုကြရန်လိုအပ်ပါသည်။

မိုးရွာသွန်းမှုများသောအခါ ရေများစုဝေး၍ ရေအိုင်၊ ရေကန်၊ ရေမြောင်းများတွင် ရေဝပ်ရာနေရာများ များစွာပေါ်ပေါက်လာသည်။ ထိုနေရာများတွင် ခြင်များဥချ၍ ပေါက်ဖွားနှုန်းမြင့်တက်လာသည်။ ရေစီးရေလာမကောင်းသော တစ်နည်းအားဖြင့် ရေစီးနှေးသော ချောင်း၊ မြောင်းများတွင်လည်း ခြင်ပေါက်ဖွားနိုင်သည်။ ဆင်ခြေထောက်ရောဂါကိုဖြစ်ပွားစေသော ကျူးလက်(Culex) ခြင်တစ်မျိုးလည်းရှိသေးသည်။ ကျူးလက်ခြင်က ညပိုင်းတွင်ကိုက်လေ့ရှိသည်။ ဆင်ခြေထောက်ရောဂါ (Elephantiasis) သည် ခြင်မှတစ်ဆင့်ကြားခံသန်ကောင်သို့ ရောဂါပိုးကူးစက်ပြီး လူသို့ကူးပြောင်း၍ ခြေထောက်၊ လက်မောင်း စသောအစိတ်အပိုင်းများတွင် မူမမှန်ဖောင်းကားကြီးထွားခြင်း ဖြစ်လာသည်။ အရေပြားထူထဲခြင်းမျိုးလည်းဖြစ်တတ်သည်။ ဆင်ခြေထောက်ရောဂါရှိသူများတွင် နောက်ဆက်တွဲရောဂါများဝင်ရောက်နိုင်သေးသည်။ ကျူးလက်ခြင်ကြောင့် ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် အနောက်နိုးလ်ဗိုင်းရပ်ရောဂါများလည်းဖြစ်ပွားနိုင်သည်။ ရောဂါလက္ခဏာများမှာ အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းနှင့် ပြင်းထန်ပါက အသက်ဆုံးရှုံးသည်ထိဖြစ်နိုင်၍ သတိပြုကာကွယ်ကြရပါမည်။

မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါကလည်း အေးဒီး(Aedes) ခြင်ကြောင့်ဖြစ်ပွားစေသည်။ အထူးသဖြင့် ကလေးငယ်များတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ အခြားခြင်များနှင့်ကွာခြားချက်မှာ ခန္ဓာကိုယ်တွင်အဖြူရောင်အစင်းကျားများပါဝင်၍ တောင်ပံတွင်လည်း အကွက်များထင်ရှားသဖြင့် ခြင်ကျားဟုအလွယ်ခေါ်နိုင်သည်။ အဓိကပေါက်ဖွားရာနေရာများမှာ ရေအိုင်များ၊ ရေရှိနေသောပန်းအိုး၊ ဘူးခွံများနှင့် တာယာအဟောင်းများတွင်ဖြစ်သည်။ သွေးလွန်တုပ်ကွေးခြင်က နံနက်ပိုင်း၊ နေ့လယ်ပိုင်းနှင့် ညနေပိုင်းများတွင် ကိုက်လေ့ရှိသည်။ အေးဒီးခြင်မျိုးများတွင် မြို့ပြ၌ပေါများသော Aedes aegypti နှင့် ကျေးလက်နှင့်အပူပိုင်းဒေသတွင် ပေါက်ဖွားသော Aedes albopictus ဟူ၍ နှစ်မျိုးရှိကြောင်း မှတ်သားရသည်။

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများမှာ အဖျားကြီးခြင်း၊ ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ အရေပြားတွင် အနီစက်ထွက်ခြင်း၊ အန်ခြင်းနှင့် ဝမ်းဗိုက်နာခြင်းတို့ဖြစ်သည်။ သွေးယိုသွေးလွန်တုပ်ကွေးဖြစ်ပါက သွေးမခဲဘဲ သွေးထွက်လွယ်ခြင်း၊ နှာခေါင်း၊ သွားဖုံးတို့မှ သွေးထွက်ခြင်း၊ အသည်းကြီးခြင်းနှင့် သွေးပေါင်ကျခြင်းတို့ ခံစားရလေ့ရှိသည်။ သွေးလန့်တုပ်ကွေးအဆင့်သည် သွေးပေါင်အလွန်အမင်းကျခြင်း၊ သွေးကြောများမှ အရည်ယိုခြင်း၊ သတိလစ်ခြင်းနှင့် အသက်အန္တရာယ်ဆုံးရှုံးသည်ထိ ပြင်းထန်နိုင်သည်။

မိုးနှင့်ခြင်၏ ဆက်စပ်မှုက ရှိနေဦးမည်မှာ သေချာပါသည်။ ခြင်ကိုအပြီးသတ် နှိမ်နင်းရန်မလွယ်ကူသေး။ ခြင်ကိုလျော့ပါးရန်နှင့် ခြင်ကာကွယ်ရန်အတွက် ကျန်းမာရေးဌာနမှ လမ်းညွှန်ချက်များလည်းရှိသည်။ ရေစီးရေလာကောင်းမွန်ရန်ဆောင်ရွက်ခြင်း၊ ရေဝပ်ရာနေရာများကို ရှင်းလင်းခြင်း၊ အနိမ့်ဆုံး ပန်းအိုးထဲကရေမှအစ ရေသိုလှောင်ရာနေရာများကို ဂရုပြုဖုံးအုပ်ခြင်း၊ မလိုအပ်လျှင်သွန်ပစ်ခြင်း၊ အသစ်လဲလှယ်ခြင်းနှင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ရပါမည်။ ကလေးများအတွက် အင်္ကျီ၊ ဘောင်းဘီရှည်များဝတ်ဆင်ပေးခြင်း၊ နေ့ခင်းဘက်တွင် ခြင်ထောင်ဖြင့်အိပ်စေခြင်း၊ ခြင်ဆေးစိမ်ခြင်ထောင်များနှင့် အိပ်စက်ခြင်းများကိုလည်း မမေ့မလျော့လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အရွယ်ငယ်သော်လည်း ရောဂါကြီးများကို သယ်ဆောင်ကူးစက်စေသောခြင်ကို မိုးနှင့်အတူ သတိပြုရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Entomology**
- **ငှက်ဖျားရောဂါတိုက်ဖျက်ရေး (တက္ကသိုလ်ပညာပဒေသာစာစောင် တွဲ ၃၊ ပိုင်း ၄)**
- **ကျန်းမာရေးစာစောင်များ**

ဝတ္ထုတိုကလျာ

# ရုန်းထွက်ရန် ခက်ခဲပါဘိ

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

"နေပါအုံး တင်အုန်းရဲ့၊ အဲဒီလောက်ကြီးတဲ့ ငါးကိုများ မင်းက ဘယ်လိုပိုက်နဲ့ ဖမ်းမတုံးကွ၊ ပြောစမ်းပါအုံး"ဟု ငချွေကြီးက ဝင်၍မေးလျှင်–

"ဒိုင်းဝန်းနဲ့ခပ်ပြီးဖမ်းမယ်ကွာ"ဟု ကိုတင်အုန်းက ရွှံ့၍ပြောလေတော့ရာ အားလုံးက ဝိုင်းရယ်ကြတော့၏။ ဒိုင်းဝန်းဆိုသည်မှာ အဝနှစ်တောင်ခန့်သာရှိသည်ကို သူတို့အားလုံး သိထားကြသည်မဟုတ်လား။

"ဒါထက် ဟေ့ကောင် သုဝဏ္ဏတံတားဆောက်ဖို့ တိုင်စိုက်တုန်းက မြေကြီးထဲမှာတွေ့ရတဲ့ ကနစို အမြစ်ကြီးက နှစ်ပေါင်းလေးရာ့ကိုးဆယ် ကြာပြီဆိုကွ။ မြေကြီးထဲမှာ ကိုးဆယ့်နှစ်ပေနက်တဲ့နေရာက တူးလို့ရတာဆိုပဲကွ။ ထူးဆန်းတယ်ကွနော်"

"ဟုတ်တယ် ကိုတင်အုန်းရ၊ ကျွန်တော် လက်နဲ့ခေါက်ကြည့်တာ ဒေါင်ဒေါင်မြည်နေသေးတယ်။ မဆွေးသေးဘူးဗျ"

"စိန်ကုလားကလဲ တော်တော်ဗဟုသုတနည်းသကိုးကွ။ ရေမြေတောတောင်တို့ရဲ့ သဘာဝအရ တဖြည်းဖြည်းမြေသားတွေ၊ သစ်ရွက်တွေ၊ ဖုန်မှုန့်တွေဟာ နည်းနည်းချင်းဖို့မှန်းမသိ ဖို့သိပ်နေတာ ငါတို့ သတိမထားမိလို့ပေါ့ကွာ။ နှစ်ပေါင်းရာနဲ့၊ ထောင်နဲ့ချီပြီးကြာလာတဲ့အခါ တဖြည်းဖြည်း ဟိုးမြေအောက်မှာ နစ်မှန်းမသိနစ်ပြီး ကျန်ခဲ့တာနေမှာပေါ့။ ငါဖတ်ဖူးတဲ့စာထဲမှာလဲ ဗိဿနိုးမြို့တို့လို မြို့ဟောင်းတွေဟာ မြေကြီးထဲမှာ တူးမှပေါ်ထွက်လာတာကွ။ တို့ရွာ စာကြည့်တိုက်မှာရှိတယ်ကွ။ သွားရှာဖတ်ကြည့်ပေတော့"

ရှစ်တန်းအောင်သည်ထိ ကျောင်းနေခဲ့ဖူးပြီး စာအလွန်ဖတ်သော ဖိုးနီကပြောတော့ အားလုံးက ငြိမ်၍နားထောင်နေကြ၏။

"အေး ဟုတ်မယ်ဟေ့၊ ငါတို့နားက သရွတ်သွတ်မြစ်ကြီးကိုပဲကြည့်။ ငါတို့ငယ်ငယ်တုန်းက ကျယ်လဲကျယ်၊ နက်လဲ နက်တယ်ကွ။ အခုတော့ ကျဉ်းလဲကျဉ်း၊ တော်တော်တိမ်တိမ်လာပြီကွ။ မင်းတို့လဲ အသိသားပဲဟာ"

သူတို့သင်္ဘောကြီးသည် တွံတေးတူးမြောင်းကို ကျော်ဖြတ်ကာ မြစ်မကြီးထဲဝင်လာပြီး ရေပြင်က ပို၍ကျယ်လာနေပြီ။ အုပ်လိုက်၊ အုပ်လိုက် ပျံသန်းလာကြသော စစ်စလီငှက်များသည် မြားဦးသဏ္ဌာန်ပျံသန်းပြီး ဗျိုင်းဖြူများကတော့ ရင်ပေါင်တန်း၍ အုပ်ဖွဲ့ကာ ပျံသန်းရင်း သူတို့သင်္ဘောကြီးကို ငုံ့ကြည့်ကျော်ဖြတ်သွားနေကြသည်။

မြစ်ကမ်းနှစ်ဖက်ရှိ တောအုပ်ချုံတန်းကလေးများသည် လေအဆော့တွင် ဟိုသည်နော့ကာ၊ ယိမ်းကာ၊ နွဲ့ကာနှင့် သူတို့သင်္ဘောကြီးကို လက်ပြနှုတ်ဆက်ရင်း ဝေးကျန်ခဲ့ပြီ။

လေဝှေ့သဖြင့် တဖျပ်ဖျပ်ထနေသော ဂယက်လှိုင်းကြီးတို့မင်းမူနေသော မြစ်ပြင်တွင် ပိုက်လှေကလေးများ ဟိုတစ်စု၊ သည်တစ်ဖွဲ့ ပြန့်ကျဲစွာရှိ၏။ အချို့သောပိုက်လှေကလေးများက သူတို့ပိုက်ကလေးများ သင်္ဘောဝင်တိုးမည်စိုးသဖြင့် "ပိုက်လက်"အဆုံးနေရာသို့ လှော်တက်ဖြင့် ရေကိုကော်ပက်၍ အချက်ပြနေကြသည်။

သင်္ဘောက အနားကပ်ပြီး ကွေ့ကာကောက်ကာ ရှောင်၍မောင်းသည်။ ဆွဲဖော်လိုက်သော ပိုက်သားပြင်ဝယ် ငွေရောင်ဖွေးလက် ငါးသလောက်များ ဟောတစ်ကောင်၊ ဟောတစ်ကောင် ငြိတွယ်ပါလာနေသည်ကို လှမ်းမြင်နေရ၏။

"ငါးသလောက်တွေ ပိုက်မှာ တော်တော်ထိနေပြီဟ။ ငါတို့လဲ ရွာပြန်ရောက်ရောက်ချင်း ပိုက်မျှောကြရအောင်ဟေ့။ အခုချိန်ဆို သရွတ်မြို့က်မြစ်ထဲမှာ မနက်စောစော နှင်းတွေဝေနေတုန်း မိလိုက်မဲ့အမျိုးကွာ"ဟု ကိုရွှေဖောင်က တောက်တစ်ချက်ခေါက်ရင်း မြစ်ပြင်ထဲမှ ပိုက်သမားကိုအားကျကာ၊ မချင့်မရဲဖြစ်ကာ ရေရွတ်လျက်ရှိ၏။

ဟုတ်သည်။ နှင်းမှုန်တွေ တဖွဲဖွဲ၊ တသဲသဲကြဲပက်၍ကျသည့်အချိန်၊ အရှေ့မြောက်လေကလေး တသုန်သုန်သွေးသည့်အချိန်၊ မြစ်ပြင်ကျယ်ကြီးတစ်ခုလုံး ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း ဘယ်ဆီရော်ရမ်းလှမ်းမမြင်နိုင်အောင် ဆီးနှင်းရေငွေ့တို့ အုံ့ရီဝေမှိုင်း ပိတ်ဆိုင်းကာဆီးတတ်သည့်အချိန်၊ ခြေလွတ်လျှင် ခြေ၊ လက်လွတ်လျှင်လက် အေးစက်ထုံကျဉ်စေသည့် ယခုလို ဆောင်းရာသီဦးမှာတော့ ရေဇလာကြောမှာ လှေငယ်နှင့် တသိမ့်သိမ့်တငြိမ့်ငြိမ့် လိုက်ပါစီးမျောရင်း ငါးသလောက်ပိုက်ချသူများအဖို့ ငွေရှင်သောကာလကြီးဖြစ်ပေတည်း။

သူတို့အားလုံး တံငါချည်းဖြစ်ကြသောကြောင့် သင်္ဘောဘေးဘက်ဆီစုပြုံတိုးကပ်ကာ ငါးသလောက်ပိုက်လှေကလေးများဆီငေးရင်း ကိုယ်တိုင်ဆင်းပြီး ဖမ်းလိုက်ချင်စိတ်များ တားမရဆီးမနိုင် ဖြစ်နေကြတော့၏။

ရေမျက်နှာပြင်အောက် တစ်တောင်၊ နှစ်တောင် နှစ်မြုပ်စေပြီး တန်းကာချထားသော ခေါင်းတီပိုက်နှင့် ရေပြင်အောက် လေး၊ ငါးခြောက်တောင်အနက်တွင် ပိုက်ခေါင်းကြိုးတန်းကာချထားသော ကြိုးပိုက်ဟူ၍ နှစ်မျိုးရှိရာတွင် မည်သည့်ပိုက်မဆို ဆွဲဖော်လိုက်တိုင်း ငါးဆယ်သား၊ ခြောက်ဆယ်သားမှ တစ်ပိဿာ၊ တစ်ပိဿာငါးဆယ်နှင့် နှစ်ပိဿာခန့်ရှိသော ငါးသလောက်များ တိုးလေ့ရှိကြ၏။

ငါးအမျိုးမျိုးရှိသည့်အထဲတွင် ငါးသလောက်ဆိုသည့်ငါးမှာ အလွန်အသက်နုသောငါးမျိုးဖြစ်သည်။ ရေအောက်တွင်ချထားသောပိုက်တွင် တိုးရင်းသေနေတတ်သလို အရှင်ဖမ်းမိပါကလည်း လှေဝမ်းထဲမှာ တဖျပ်ဖျပ်လူးလွန့်ရင်း သေသွားတတ်ပါ၏။

မြို့ကလူများသည် ငါးသလောက်ဆိုလျှင်အတူတူချည်းမှတ်ကြ၏။ တကယ်တော့ ဥရှိသောငါးသလောက်အမက စားလျှင်အရသာပေါ့ပြီး ငါးဖိုလုံးခေါ် ငါးသလောက်အထီးကသာ အရသာလေးပင်ပြီး အလွန်ဆူလှကြောင်း တံငါများသာ သိကြပါ၏။

"တော်တော်ညံ့တဲ့အကောင်ကွာ။ ပိုက်ကိုကပ်နေတဲ့ ငါးသလောက်က ပိုက်မှာကွင်းမစူးသေးဘူးကွ။ သူ့ပိုက်က မသကာရှိလှမှ လေးသစ်ကားပေါ့ကွာ။ အဲဒါမျိုးဆိုရင် ပိုက်ကို ရှိုးရှိုးဆွဲမဖော်ဘဲ ပိုက်သားပါပါအောင် လုံးထွေးပြီးတင်ရတယ်ကွ။ အခုတော့ တဖြည်းဖြည်း ဆွဲဖော်တော့ လွတ်ကရောပေါ့ကွာ"

ဆွဲဖော်နေရင်း လူးကာလွန့်ကာ မြစ်ရေထဲ ခုန်ဆင်းသွားသော ငါးသလောက်ကိုကြည့်ရင်း ဝေဖန်ကြ၏။

"ဟ ဟ ဟိုမှာ ဗေ့သီးတွေ ငြိမ့်ခနဲငြိမ့်ခနဲ မျက်စပစ်နေပြီကွ။ ဒါကွင်းစူးနေတာကွ။ မြန်မြန်သွားဖော်ပါတော့လား ဟဲ့ကောင်ရဲ့။ တော်တော်ကြာ လွတ်သွားတော့မယ်ကွ။ တောက် တော်တော်ညံ့ပါလား ငါ့ကောင်ရယ်"စသည်ဖြင့် သင်္ဘောဘေးတွင် ကျန်ရစ်ခဲ့သောပိုက်သမားများကို အားမလိုအားမရနှင့် တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုနေသံများကြောင့် ဘုန်းကြီးဟောသမ္မတရားတို့ကို တအင်းအင်း ခေါင်းညိတ်နေရသော ဦးတောကျော်က ဘုန်းတော်ကြီးမျက်နှာမကောင်းသည်ကို တွေ့လိုက်ရသဖြင့် ကိုယ့်နေရာကိုယ်ထိုင်ကြဖို့ လှမ်းအော်လိုက်၏။ သူတို့သင်္ဘော၏ လှိုင်းကြောင့် လှိုင်းလုံးပေါ် မြောက်တက်လာလိုက်၊ ပြန်နိမ့်ကျသွားလိုက် နောက်တစ်ခါ မြောက်တက်လာပြန်လိုက်နှင့် ခုန်ပေါက်လှုပ်ရှားနေသော ပိုက်လှေကလေးများပေါ်က ကိုတံငါတို့ကမူ ပြုံးပျော်ရယ်မောရင်း တရွေ့ရွေ့ဝေးဝေးသွားသော သင်္ဘောကြီးကို လှော်တက်ကလေးများမြှောက်ကာ ယမ်းကာ နှုတ်ဆက်ရင်းကျန်ရစ်ခဲ့ကြလေပြီ။

"နေပါစေတော့ ဒကာကြီးရယ်၊ သူတို့သဘောကျ စိတ်ချမ်းသာသလို နေကြပါစေ။ ဘုန်းကြီးကြောင့် သူတို့ အနေအထိုင်ခက်နေပါ့မယ်။ ဘုန်းကြီးကတော့ တတ်နိုင်သမျှ ဘုရားနဲ့တရားနဲ့နီးစပ်အောင် ကြိုးစားပေးတာပါ။ မဇ္ဈိမနိကာယ် မောဂ္ဂလာနသုတ္တန်မှာ မြတ်စွာဘုရားဟောကြားခဲ့တာလဲ အရှိသားပဲ။ အတိုချုပ်ပြီးဟောရရင်တော့ မြတ်စွာဘုရားရှင်ဟာ နိဗ္ဗာန်ကိုသိတယ်။ နိဗ္ဗာန်ကိုသွားရောက်နိုင်တဲ့လမ်းကိုလဲ ညွှန်ပြတယ်။ ဘယ်နည်းဘယ်ပုံကျင့်ပြီး သွားနိုင်တယ်ဆိုတာကိုလဲ မေတ္တာတော်၊ ကရုဏာတော် အနန္တနဲ့ ဟောကြားပြသပေးတော်မူခဲ့တယ်။

ဒါပေမဲ့ ဘယ်သတ္တဝါတစ်စုံတစ်ယောက်ကိုမှ ပခုံးနဲ့ထမ်းပြီး ပို့ဆောင်ပေးနိုင်ခြင်းမရှိဘူးတဲ့။ နိဗ္ဗာန်ကိုရောက်ချင်ရင် နိဗ္ဗာန်ကိုရောက်စေနိုင်တဲ့အကျင့်ကို မိမိကိုယ်တိုင်ကျင့်ပါမှ ရောက်မယ်လို့ ဟောကြားတော်မူခဲ့ပေတာပဲ။ ပိုပြီးရှင်းအောင် ဟောရရင်တော့ ရောဂါဝေဒနာခံစားနေရတဲ့ လူနာတစ်ယောက်ဟာ ပျောက်ကင်းချင်ရင်တော့ ရောဂါဝေဒနာကို ကုသပေးမဲ့သမားတော်ကို ထိုင်ပြီးကြည်ညိုနေရုံနဲ့၊ ဆေးညွှန်းကို ဖတ်ကြည့်ရုံနဲ့ မပျောက်ကင်းနိုင်ပါဘူး။

ကုသပေးတဲ့သမားတော်ကိုယုံကြည်မယ်။ သမားတော်ညွှန်ပြတဲ့ဆေးညွှန်းအတိုင်းလဲ လိုက်နာဖော်စပ်စားသုံးမယ်ဆိုရင်တော့ မုချပျောက်ကင်းပါလိမ့်မယ်။ ပါးစပ်က သကြား၊ သကြားဆိုပြီးပြောနေရုံနဲ့ ချိုမလာနိုင်ပါဘူး ဒကာကြီးရယ်။ တကယ့်သကြားကို စားကြည့်မှ ချိုမှာပါ"

**❖တစ်သက်လုံးအရိုးစွဲအောင် ကျင်လည်လာခဲ့ရတာ တံငါတို့မည်သည် ငါးဖမ်း၊ ပုစွန်ဖမ်းလုပ်နေသည်ကိုတွေ့ရလျှင် စိတ်ဝင်စား၏။ ကြည့်ချင်မြင်ချင်၏။ ဆိုင်းသံကြားလျှင် ထကချင်၊ လက်ချိုးချင်သော ဇာတ်မင်းသားများပမာတည်း။ စောစောက ငါးသလောက်လှေကလေးများ ငါးဖမ်းနေသည်ကို လူငယ်များမြင်သလို သူလည်းမြင်ခဲ့၏။ မလိမ်တမ်းမညာတမ်းဝန်ခံရလျှင် လူငယ်များလိုပင်သူလည်း အားမလိုအားမရဖြစ်ခဲ့ပါ၏။ ကိုယ်တိုင်ဆင်း၍ ဖမ်းချင်စိတ်ပေါ်လာခဲ့၏။ ❖**

စာမျက်နှာ ၂၅ သို့ ➤

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၇၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ထီးချိုင့် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၇၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၂၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၂၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ စပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ပိန်းဥပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့နေတာဖြစ်ပါတယ်။ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်တယ်။ ဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူမှုကောင်းနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

➤ စာမျက်နှာ ၂၄ မှအဆက်

ညဘက်ရောက်ခဲ့ပြီ။ မြစ်ကမ်းနှစ်ဖက်စလုံး မှောင်မိုက်လျက်ရှိ၏။ သင်္ဘောကြီးကတော့ မြစ်ကြောင်းအတိုင်း တရွေ့ရွေ့စုန်ဆင်းလျက်ရှိသည်။ တွံတေး၊ မအူပင် စသောလမ်းတစ်လျှောက်က မြို့များကိုပင် ဖြတ်ကျော်လာခဲ့ပြီ။ မကြာမီ ရွှေလောင်းသို့ရောက်တော့မည်။ စောစောပိုင်းက ရန်ကုန်အတွေ့အကြုံများကိုစားမြုံ့ပြန်ရင်း စကားဖောင်နေခဲ့ကြသော ရွာသားတစ်စု ယခုတော့ တုံးလုံးပက်လက် အိပ်ပျော်နေကြပြီ။

လတ်ဆတ်အေးမြသောမြစ်ပြင်လေသည် အကာအကွယ်ကင်းမဲ့သောသင်္ဘောထဲသို့ ခပ်ကြမ်းကြမ်း တိုးတိုက်ဖြတ်သန်းလျက်ရှိ၏။ သေသေချာချာသတိထား၍ရှုကြည့်လျှင် ထိုမြစ်လေထဲတွင် ငါးညှီနံ့သင်းသင်းကလေး တွဲခိုလိုက်ပါလာနေသည်ကို သိရလိမ့်မည်။ ကျိန်းသေပါသည်။ ဒါ သူတို့ဒေသ မြစ်ဝကျွန်းပေါ် လေအစစ်ပါပဲ။

သင်္ဘောကုန်းပတ်အိပ်ရာခင်းပေါ် ကျောခင်းနေတာကြာပြီဖြစ်သော်လည်း ဦးတောကျော်တစ်ယောက် အိပ်မပျော်နိုင်သေး။ အတွေးပင်လယ်ထဲမှာ မျောပါနေတုန်းဖြစ်၏။

ညနေစောင်းကဟောကြားခဲ့သော ဘုန်းတော်ကြီး၏ တရားသံကနားထဲမှာ ကြားယောင်နေတုန်းဖြစ်၏။

"ကလေးတွေကိုသာ အော်ရ၊ ငေါက်ရတာ။ ငါကကော ငါကကော၊ သူတို့နဲ့ ဘာများပိုထူးလို့လဲ"

ဘုန်းကြီးနှင့် စကားထောက်စကားခံပြောရန်ဆို၍ သက်ကြီးရွယ်အိုထဲက သူတစ်ယောက်သာပါလာသဖြင့် ဘယ်လိုမှရှောင်လွှဲ၍မရသောကြောင့်သာ အတူထိုင်၍ ဩ့ထောက်ခံစကားပြောနေရသော်လည်း အပေါက်အလမ်းက တည့်လှသည်မဟုတ်ချေ။ တင့်ပါတစ်ခွန်း၊ ဟုတ်ကဲ့တစ်ခွန်း၊ တပည့်တော်တစ်ခွန်း၊ ကျွန်တော်တစ်ခွန်းနှင့် ရှက်စရာကောင်းလှလေ၏။ ထိုအချက်ကပင် ရဟန်းသံဃာတော်များနှင့် အဆက်အသွယ်၊ အသွားအလာ၊ အရောက်အပေါက် နည်းလှကြောင်း သက်သေပြနေသည် မဟုတ်လား။

တစ်သက်လုံးအရိုးစွဲအောင် ကျင်လည်လာခဲ့ရတာ တံငါတို့မည်သည် ငါးဖမ်း၊ ပုစွန်ဖမ်းလုပ်နေသည်ကိုတွေ့ရလျှင် စိတ်ဝင်စား၏။ ကြည့်ချင်မြင်ချင်၏။ ဆိုင်းသံကြားလျှင် ထကချင်၊ လက်ချိုးချင်သော ဇာတ်မင်းသားများပမာတည်း။

စောစောက ငါးသလောက်လှေကလေးများ ငါးဖမ်းနေသည်ကို လူငယ်များမြင်သလို သူလည်းမြင်ခဲ့၏။ မလိမ်တမ်းမညာတမ်းဝန်ခံရလျှင် လူငယ်များလိုပင် သူလည်း အားမလိုအားမရဖြစ်ခဲ့ပါ၏။ ကိုယ်တိုင်ဆင်း၍ ဖမ်းချင်စိတ်ပေါ်လာခဲ့၏။

"အင်း ဘုရားတရားကိုအသာထားလို့ သံဃာနဲ့တောင် အတော်ဝေးနေရသောဘဝပါလား"ဟုတွေးရင်း ဝမ်းနည်းစိတ်က ရင်ဝမှာလာဆို့၏။

သင်္ဘောပေါ်တွင် ထွန်းထားသည့် မီးလုံးငယ်များတွင် မြစ်တွင်းပိုးကောင်ကလေးများ တဖျပ်ဖျပ်တိုးဝင်နေကြ၏။ မီးလုံးအောက်ကြမ်းခင်းတွင် သေသည့်အကောင်များက သေနေကြသလို ရှင်သည့်အကောင်များက တစ်ကောင်ပေါ်တစ်ကောင်တက်၊ တစ်ကောင်ကိုတစ်ကောင်က တိုးနှင့် တလှုပ်လှုပ်တရွရွ၊ သင်္ဘောကြီးကတော့ မှောင်မိုက်လှသည့် မြစ်နဒီအတွင်း၌ အရှိန်အဟုန်နှင့်တိုးဝင်နေဆဲ။

## မေတ္တာဆောင်ကြ ဝါခေါင်လ

– ဝါတွင်းသုံးလ အခေါင်ကျ၍
ထိုလခေါ်ရည် ဝါခေါင်မည်၏
ရှေးဆီခါက နံကာလဟု
မြန်မာ့စာပေ အထွေထွေတွင်
အရှည်မှတ်စု မှတ်တမ်းပြုကာ
အနုစာစီ ကဗျာသီကြ
ရာသီလတည့်။

– မြန်ပြည်တစ်ဝှမ်း စိမ်းလန်းဝေဆာ
ဝသန်ခါမို့ လယ်ယာချောင်းမြောင်း
သီးနှံကောင်းဖို့ မိုးကောင်းဆည်ဝင်
လယ်ယာခွင်ဝယ် သစ်ပင်စိုက်ပျိုး
အထွက်တိုးကာ တို့မျိုးမြန်မာ
အလှဖြာရေး ကြံကာတွေး၍
တို့သွေးတို့သား သွေးချင်းများတို့
စီးပွားတိုးကာ ငြိမ်းချမ်းသာရေး
စွမ်းကာဆောင်ကြ ရာသီလတည့်။

– မေတ္တာလွှမ်းခြုံ အေးရိပ်မြုံဝယ်
လုံခြုံအေးချမ်း စိတ်ဝမ်းကြည်မြ
ဝါခေါင်လဝယ် စွမ်းစကိုယ်စီ
လှုံ့လတည်၍ တို့ပြည်အေးချမ်း
မေတ္တာစမ်းမှ ရေချမ်းတူသောက်
လမ်းတူလျှောက်ရင်း ကြိုင်လှောက်မွှေးထုံ
မေတ္တာဘုံဝယ် ကြည်ယုံလေးမြတ်
ရှေ့သို့ဆက်ကာ တိုးတက်သာယာ
တို့ပြည်သာကို ညီညာတွဲလက်
ခိုင်ခိုင်ယှက်၍
ရှေ့ဆက်ဆောက်တည် မေတ္တာရည်
လေးနက်ခိုင်ကျည် သစ္စာတည်။ ။

မောင်လေပြေ(တောင်တွင်း)

# ပေါင်မြို့နယ် ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပေါင် ဩဂုတ် ၄

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကရင်စုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၂ ဒသမ ၇ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် နှစ်သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၆ ဒသမ ၈ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

သုတ

# မေတ္တာချစ်ခင်

ဗညားကျန်းထော

**နိဒါန်း**

**"မေတ္တာချစ်ခင်၊ ရှေ့တန်းတင်၊ အရာရာအောင်မြင်"**ဆိုတဲ့သဘောကို ပြောလိုပါတယ်ခင်ဗျာ။ ရှင်လန်းချမ်းမြေ့ကြပါစေ။ မေတ္တာဆိုတာ မူရင်းက ပါဠိဝေါဟာရဖြစ်ပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော် အချိန်ကာလမှစ၍ မေတ္တာဟူသော ချစ်ခင်ခြင်းသဘောအနက်ကို မြန်မာဘာသာစကားအဖြစ် မြန်မာ၊ ဗမာများသုံးနှုန်းခဲ့ကြပါတယ်။ အလို၊ အမျက်၊ အမိုက်ဆိုတဲ့ မြန်မာအသုံးအနှုန်းရှိခဲ့ပေမယ့် အများက လောဘ၊ ဒေါသ၊ မောဟလို့ပြောဆိုရင်လည်း နားလည်နေကြအောင် ပါဠိဘာသာကို ရင်းနှီးခဲ့ကြတာမဟုတ်လား။

ပရိသတ်ကိုစကားပြောမယ့်လူအတွက် သိရှိနားလည်ထားရမယ့် အဓိကအစိတ်အပိုင်း ငါးချက်ရှိပါတယ်-

၁။ ပရိသတ်

၂။ ဟောပြောချက်

၃။ ရည်ရွယ်ချက်

၄။ ဟောပြောသူ

၅။ ထိရောက်မှု

ယခုတင်ပြလိုတဲ့အရာကတော့ အထက်ပါအပိုင်းငါးရပ်စလုံးနှင့် အကျုံးဝင်ပတ်သက်ပြီး ထိရောက်အောင်မြင်စေမယ့် အဓိကသော့ချက် သို့မဟုတ် "အခြေခံဥပဒေသ" တစ်ရပ်လို့တောင် ပြောချင်ပါတယ်။ အဲဒါက မေတ္တာပါပဲ။

**ရောက်စေစွဲစေ**

မိမိဟောပြောရမယ့် ပရိသတ်ဆီကို ပေးပို့မျှဝေလိုတဲ့ ဟောပြောမှုရည်ရွယ်ချက် အောင်မြင်ထမြောက်မှုအတွက် အခြေခံကျကျလိုအပ်ချက်ဟာ သူတို့ဦးနှောက်ထဲမှာသိရှိရုံ(သညာသဘော)သာမက သူတို့ရဲ့ရင်ထဲနှလုံးသားထဲထိ ရောက်ရှိစွဲမြဲသွားအောင်ကတော့ ခံစားရမှု(ဝေဒနာသဘော) ကပ်ငြိနိုင်မာ စိတ်(ဝိညာဏ်ခန္ဓာသဘော)ထိ လက်ခံရရှိစေမှာကတော့ မေတ္တာချစ်ခင်ခြင်းအရင်းခံဖို့လိုပေတယ်။

ဒါကြောင့် ဇာတ်သမား၊ ဆိုင်းသမား၊ အနုပညာသမား၊ ပရိသတ်ကိုဆွဲဆောင်ဖမ်းစား ဖျော်ဖြေရသူများအားလုံးက မေတ္တာပဓာနကျကြောင်း သိကြတယ်။ သုံးကြတယ်။ ဟောပြောမယ့် ပုဂ္ဂိုလ်ကလည်း ဒီအခြေခံလိုအပ်ချက်ကို အလေးအနက်ထားပြီး လေးစားအောင်၊ ချစ်ခင်အောင်၊ မေတ္တာသက်ဝင်နားထောင်ချင်အောင် ခင်းကျင်းရမှာပေါ့။

အတိုချုံ့ပြောရရင်တော့ ပရိသတ်ကချစ်ခင်လေးစားစေမယ့် အပြောအဆို၊ အပြုအမူ၊ စကားလုံး၊ အကြောင်းအရာ၊ ဟန်ပန်၊ လေသံဖြစ်ပါစေ။ အမြင်ကပ်အောင်၊ ငြီးငြင်အောင်၊ စိတ်ဆိုးအောင်၊ မကျေနပ်အောင် မသင့်လျော်တဲ့စကားမျိုးကို မပြောမိစေနဲ့။ မနှစ်သက်စေမယ့် ရိုင်းပျတဲ့အမူအရာမပါစေနဲ့။ အခြေအနေနဲ့ပတ်သက်လို့၊ အချိန်အခါနဲ့ပတ်သက်လို့၊ နေရာဒေသနဲ့ပတ်သက်လို့၊ လှောင်ပြောင်ထိပါးတဲ့စကားလုံးအသုံးအနှုန်းမျိုးဆို သတိထားရှောင်ရှားပါ။ ပရိသတ်အားပေးမှ ဟင်းကောင်း၊ ထမင်းကောင်းစားရတဲ့ အနုပညာသမားတွေ သိပြီးသားပါ။

**ရှိသေဂါရဝ**

ပရိသတ်က သူတို့ကို လေးလေးစားစားဆက်ဆံပြောဆိုတာကို လိုလားပါတယ်။ "ဂါရဝေါစ၊ နိဝါတောစ မင်္ဂလာတရားတော်အဆုံးအမ"အတိုင်း လိုက်နာရင် အမှန်တကယ်ကောင်းကျိုးရတာပဲ။ ပရိသတ်ထဲမှာ လေးစားရိုသေရမယ့် ပုဂ္ဂိုလ်တွေပါမယ်ဆိုရင် ရိုသေမှုကိုပြသပါ။ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကိုဝင့်ဝါထောင်လွှား၊ အသားယူလိုခြင်းမရှိဘဲ နှိမ့်ချနေထိုင်ခြင်းသဘောက ပြည်သူအများက မေတ္တာရှိစေတာပေါ့။ မင်္ဂလာတန်ခိုး။

ဟောပြောသူအပေါ် ပရိသတ်ကထားရှိတဲ့ မူလသဘောထားအမြင်တစ်ရပ်က ကြိုတင်ပြီး ရှိနေနှင့်ပြီးသားပါ။ ဒီပုဂ္ဂိုလ်ဟာ စေတနာပါတယ် သို့မဟုတ် မပါဘူး။ ဒီလူက တို့မြို့၊ တို့ရွာအကျိုးအတွက် လာပြောနေတာမဟုတ်ဘူး။ "သူ့ကိုလူသိအောင် ကိုယ်ရည်သွေးစကားတွေနဲ့ ကြော်ငြာလာဝင်နေတာသက်သက်ပဲ"ဆိုတာမျိုး အခံရှိတတ်တယ်။

တကယ်ပြောတာ နားထောင်ကြည့်ပြီးတော့မှ တော်တယ်မတော်ဘူး၊ ကောင်းတယ်မကောင်းဘူး၊ အကဲခတ်တွေ့ရှိချက် အဖြေထွက်သွားပြန်ရော။ ပရိသတ်က ကြိုက်တယ်၊ မကြိုက်ဘူး၊ လက်ခံတယ်၊ လက်မခံဘူး။

ဒါတွေ ဘယ်အပေါ်မှာ မူတည်သလဲ။

**မေတ္တာပေးခြင်း၊ မပေးခြင်းအပေါ် အခြေခံတာပဲ။**

**တုံ့ပြန်မေတ္တာကိုရခြင်း၊ မရခြင်းနဲ့ဆိုင်တာပဲ။**

**မေတ္တာဓာတ်သာ အရင်းခံကျပေတာမဟုတ်လား။**

❖ပရိသတ်အားလုံးကို မတွေ့မီကလည်း စိတ်ကညွတ်ပြီး မရည်ညွှန်းသော အနောဓိသပုဂ္ဂိုလ်ငါးမျိုး၊ ရည်ညွှန်းအပ်သော ဩဓိသပုဂ္ဂိုလ်ခုနစ်မျိုးတို့ကို မေတ္တာပို့ထားရမယ်။ မပြောခင် နိဒါန်းမပျိုးသေးခင်အချိန်လေးမှာလည်း စိတ်ထဲမှ မေတ္တာပို့သနေရမယ်။ ပရိသတ်ကိုဟောပြောနေစဉ်မှာလည်း မျက်လုံးချင်းဆိုင်ကြည့်ရင်း ဖြူစင်သောမေတ္တာနဲ့ပြောဆိုနေရမယ်။ မိသားစုညီအစ်ကိုမောင်နှမတွေ၊ သားတွေ၊ သမီးတွေ၊ ခရီးဝေးကွာ၊ ရက်အတန်ကြာ ခွဲခွာနေခဲ့ရာမှ အခုမှတွေ့ရဆုံရသကဲ့သို့ လှိုက်လှဲဝမ်းသာ၊ ချစ်ခင်စွာ၊ ချိုသာအေးချမ်းစွာ၊ ပြုံးပြုံးရွှင်ရွှင် ဟောပြောရမယ်။ ကောင်းကျိုးလိုလားတဲ့ စိတ်နဲ့သာပြောပါ။ ❖

**ကွဲတတ်တယ်**

ဟောပြောသူ ဘယ်သူမဆို၊ မင်းစိုးရာဇာဝန်ထမ်း၊ အရာရှိပဲဖြစ်ဖြစ်၊ ကျန်းမာရေးဝန်ဆောင်သူ၊ (ဆရာဝန်၊ သူနာပြု)၊ ပညာရေးဝန်ဆောင်သူ(ဆရာ၊ ဆရာမ)၊ စီးပွားရေးရောင်းဝယ်သူ၊ အုပ်ချုပ်ရေးဘက်ကလူ၊ တရားရေး၊ လုံခြုံရေးဆိုင်ရာများ စသဖြင့် လူထုပရိသတ်နဲ့ ဆက်ဆံပြောဆိုတဲ့နေရာမှန်သမျှ မေတ္တာပါရင် ဘာမဆိုအဆင်ပြေချောမွေ့တယ်။ မေတ္တာမပါဘဲ အထက်စီးလေသံနဲ့ ဆူပူငေါက်ငမ်းဆက်ဆံပြောဆိုတော့ ဘာဖြစ်သလဲ။ စိတ်ညစ်ရတယ်။

ပြန်တော့မပြောဘူး။ နားထဲမထည့်ဘူး။

ပြောတာနားမထောင်တော့ ဘာဖြစ်သလဲ။

အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ရောင်းဝယ်ရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေး၊ အဘက်ဘက်က ကျဆင်းဆုတ်ယုတ်ဆုံးရှုံးရပေမှာပဲ။ အကျိုးမရှိတော့ဘူး။ စကားပြောဆိုခြင်းအတတ်ပညာ(Art of Oratory) ဆိုတာ လိုလိုချင်ချင်လေ့လာသင်ယူမှတ်သားခြင်းမရှိခဲ့ရင် တကယ်မတတ်ဘူး။ စိတ်မဝင်စားခဲ့ရင် အမှားမှားအယွင်းယွင်းတွေနဲ့ မအောင်မမြင်ဖြစ်စေတတ်တယ်။ ကြောက်စရာကောင်းတယ်။ **တန်ဖိုးထားအပ်၊ လေးစားအပ်တဲ့အတတ်**(Venerable Art)လို့ အနောက်တိုင်းမှာ ပညာရှင်တွေက သတ်မှတ်ထားကြပါတယ်။ တတ်မြောက်ကျွမ်းကျင်လေလေ၊ ကောင်းကျိုးတွေရလေလေ၊ မတတ်ဘဲ တတ်တယ်ပြောရင် ကွဲပြီသာမှတ်။

**ယဉ်ကျေးကြပါ**

ဆိုင်းနောက်ထ၊ အငြိမ့်လူပြက်၊ ဇာတ်လူရွှင်တော် ဆရာကြီးများက တပည့်တွေကို သေသေချာချာ ဆောင်ရန်၊ ရှောင်ရန်အချက်တွေ သင်ပေးလေ့ရှိတယ်။ စကားများရင် ထမင်းငတ်တဲ့ထိ ရပ်ရွာလူထုက (ပွဲမငှားတော့ဘဲ)ဒဏ်ခတ်တတ်တယ်။ ဥပမာဒီလိုဟာသမျိုး မပြက်ရဘူး။

"ဒီမြို့က ကဝမြို့ပါ။ ရှေ့မှာတော့ ကွက်လပ်မဖြည့်လိုက်ပါနဲ့"

"ကျနော်တို့ ကပြနေတာ သာပေါင်းမြို့ပါ။ သူရဲ့နောက်မှာရှိတဲ့ စကားဆက်ကိုတော့ မပြောတော့ပါ"

ပရိသတ်က အဲဒီအနုပညာသမားမျိုးဆိုရင် ရုပ်လည်းမမြင်ချင်ဘူး။ အသံလည်း မကြားချင်တော့ဘူး။

လူတကာမုန်းအောင်၊ ရွံအောင်ပြောတဲ့ပါးစပ်။

ယခုခေတ်မှာ ဖေ့စ်ဘွတ်၊ တွစ်တာ၊ ဖုန်းဥပဒေအရ တရားရင်ဆိုင်ရရင် ထောင်ကျနိုင်တဲ့ ရိုင်းစိုင်းစော်ကားမှုတွေကို လွယ်လွယ်ကူကူပြောကြ၊ ရေးကြ၊ ဗွက်ပေါက်နေတာပဲ။ လျှာအရိုးမရှိတိုင်း ပြောချင်ရာပြောနေတဲ့လူတွေ၊ ဘယ်သူမပြုမိမိမှု၊ မိမိအပြစ်နဲ့ မိမိဒဏ်ခတ်ခံနေရတာ မြင်တတ်ပါစေ။ သင်ခန်းစာ။

ယဉ်ကျေးပါ၊ ပရိသတ်ကိုလေးစားပါ။ အားလုံးက လက်ခံတယ်၊ အားပေးကြမယ်။

မရိုင်းစိုင်းနဲ့၊ ပရိသတ်ကို မစော်ကားပါနဲ့။ ဘယ်သူမှ သဘောမကျဘူး။ ရွံမုန်းသွားစေတာပဲ အဖတ်တင်မယ်။

ပရိသတ်ကိုချစ်အောင် မဆွဲဆောင်နိုင်ရင်နေပါ၊ ရတယ်။ အမြင်ကပ်အောင်တော့ မလုပ်လေနဲ့။

**ပရိသတ်အထာ**

ပရိသတ်ဆိုတာ အချိန်အခါ၊ နေရာဒေသ၊ ပုဂ္ဂလအလိုက် အမျိုးအစားအပြားပြားပေါ့။ အသက်ကြီးသူတွေ ပါချင်ပါမယ်။ ဆယ်ကျော်သက်တွေ ပါချင်ပါမယ်။

ရဟန်းသံဃာတော်တွေ ပါချင်ပါမယ်။

ဘာသာတရားကွဲပြားခြားနားသူတွေလည်း ပါနိုင်တယ်။ လူမျိုးသာ ကွဲနိုင်တာမဟုတ်ဘူး။ ပညာအရည်အချင်း၊ ဆင်းရဲချမ်းသာ၊ ပညာတတ်တာနဲ့ မတတ်တာ၊ အမြော်အမြင်ရှိတာနဲ့ မရှိတာ၊ ကိုယ်ကျင့်သီလကောင်းသူ၊ အကျင့်မကောင်းသူ၊ လူအများက လေးစားခံရသူ၊ လေးစားမခံရတဲ့သူ စသဖြင့် ပရိသတ်ကြီးထဲမှာ ဆူကြံ့နိမ့်မြင့်က အမျိုးစုံပါဝင်တာလေ။ ဘယ်သူ့ကိုမှ မထိပါးမိစေနဲ့။

တကယ်တော့ ကျောင်းသူ၊ ကျောင်းသားတွေချည်း ဟောပြောရရင် ပိုကောင်းတယ်။ အရွယ်တူ၊ ပညာတူ၊ ရည်ရွယ်ချက်တူ။ စုစည်းညီညာတဲ့ ပရိသတ်။

မူလတန်းကလေးတွေနဲ့ အထက်တန်းကျောင်းသား၊ ကျောင်းသူတွေ ရောရောနှောနှောပါနေရင်ပဲ နည်းနည်းဟောပြောချက် အံမလွဲအောင် မှုမှုတတ ဟောပြောတတ်ရပါတော့မယ်။ ကလေးတွေ မဆူအောင်၊ မငိုက်အောင် ပုံပြင်လေး၊ ကဗျာလေး၊ သီချင်းလေး၊ ဆီလျော်ရာ အပေးအယူနဲ့ ဆွဲခေါ်မှဖြစ်မယ်။ လူငယ်တွေအတွက် ဆယ်ကျော်သက်မှာ အူရွှင်စေမယ့် အဖြစ်အပျက်ဟာသမျိုးတွေပါရင် မှတ်သားစရာကိုလည်း နားဝင်အောင် ဆွဲဆောင်နိုင်လိမ့်မယ်။ တိုလွန်းပြန်ရင်မဆက်စပ်။ ရှည်လွန်းပြန်ရင် ငြီးငွေ့စရာ။ သတိပြုရတယ်။

**အဝေးမေတ္တာ၊ အနီးမေတ္တာ**

ပရိသတ်အားလုံးကို မတွေ့မီကလည်း စိတ်ကညွတ်ပြီး မရည်ညွှန်းသော အနောဓိသပုဂ္ဂိုလ်ငါးမျိုး၊ ရည်ညွှန်းအပ်သော ဩဓိသပုဂ္ဂိုလ် ခုနစ်မျိုးတို့ကို မေတ္တာပို့ထားရမယ်။

မပြောခင် နိဒါန်းမပျိုးသေးခင် အချိန်လေးမှာလည်း စိတ်ထဲမှ မေတ္တာပို့သနေရမယ်။

ပရိသတ်ကိုဟောပြောနေစဉ်မှာလည်း မျက်လုံးချင်းဆိုင်ကြည့်ရင်း ဖြူစင်သောမေတ္တာနဲ့ ပြောဆိုနေရမယ်။ မိသားစု ညီအစ်ကိုမောင်နှမတွေ၊ သားတွေ၊ သမီးတွေ၊ ခရီးဝေးကွာ၊ ရက်အတန်ကြာ ခွဲခွာနေခဲ့ရာမှ အခုမှတွေ့ရဆုံရသကဲ့သို့ လှိုက်လှဲဝမ်းသာ၊ ချစ်ခင်စွာ၊ ချိုသာအေးချမ်းစွာ၊ ပြုံးပြုံးရွှင်ရွှင် ဟောပြောရမယ်။

ကောင်းကျိုးလိုလားတဲ့ စိတ်နဲ့သာပြောပါ။

အပြစ်တင်၊ အထင်သေး၊ မလိုလား၊ မကျေနပ်နေတဲ့ သဘောထားမျိုး စိတ်ထဲမှာ လုံးဝမရှိပါစေနဲ့။

အထင်သေးခြင်း၊ မုန်းတီးခြင်း၊ ပုတ်ခတ်ကဲ့ရဲ့လိုခြင်း၊ အကျိုးဖျက်ဆီးလိုခြင်း သဘောမျိုးမပါရ။

မရိုးမသား၊ လိမ်ညာလှည့်စားလိုစိတ်မရှိရ။

အပြန်အလှန်လေးစားရိုသေသော၊ ချစ်ခင်ကြသော(Reeiprocal Respect)ယုံကြည်မှုကို ဟောပြောသူက ပရိသတ်နဲ့စိတ်ချင်းပူးကပ်ထိစပ်နေအောင် ရယူနိုင်လေလေ၊ အောင်မြင်လေလေပဲ။

အချို့ဟောပြောတာကြည့်တော့ အိုးထဲကို ပုံးတွေ၊ ခွက်တွေ၊ ချိုင့်တွေနဲ့ ရေလောင်းထည့်နေတာပဲ။ ဟုတ်တယ် ရေတွေထည့်နေတာတော့ အမှန်ပဲ။

သို့တစေ ရေအိုးအဖုံးကို သူမဖွင့်ဘဲလောင်းနေရဲ့။

**ဖွင့်ပါ**

နိဒါန်း၊ စာကိုယ်၊ နိဂုံး အစမှအဆုံးမေတ္တာနဲ့ ဖွဲ့ချည်သောမေတ္တာပေါင်းကူးတံတား မထိုးထားဘဲ ဟိုဘက်ကမ်းသို့ ကူးဖြတ်မရောက်ရှိနိုင်သလိုပဲ။ အဖုံးပိတ်နေတာ ဖွင့်အောင်မလုပ်ဘဲ ရေလောင်းနေကြသူများဟာဖြင့် (ရယ်စရာ၊ သနားစရာ) အဟောသိကံခေါ်တဲ့ သဲထဲရေသွန်၊ စကားတွေ လေထဲမှာပဲ ဝဲပျံပျောက်ကွယ်သွားရှာလေသတည်းပေါ့။ အရင်ဦးစွာ အဖုံးဖွင့်ပါ။

အလုပ်ဆိုတာ အရွေ့တစ်ခုခု ပြောင်းလဲမှုရှိရ။

လုပ်တော့လုပ်နေတာပဲ ဘာမှမရွေ့ဘူးဆိုရင် ပညာနည်းလို့ အသုံးမကျတဲ့လူတွေ ညာနေကြတာပဲ။ လူလိမ်လူညာ၊ လူကောက်၊ လူဖျင်းတွေထဲမပါချင်ရင် စင်ပေါ်မှာ ထိထိရောက်ရောက် ပြောတတ်ဆိုတတ်တဲ့ လူစားဖြစ်အောင် လေ့လာမှတ်သားအားထုတ်စေချင်ပါတယ်။ မေတ္တာစွမ်းအား၊ လက်သုံးထား။

**နိဂုံး**

နေ့စဉ်၊ ညစဉ် မေတ္တာသုတ်ကို ရွတ်ဆိုပါ။ ၃၁ ဘုံ ကို မေတ္တာပို့ပါ။ အရပ် ၁၀ မျက်နှာသို့ မေတ္တာပို့ပါ။ ဤကမ္ဘာပေါ်ရှိ လူနတ်ဗြဟ္မာသတ္တဝါအားလုံးဆီသို့ သင်က မေတ္တာပို့သပါ။ စေတနာကောင်း၊ စိတ်ရင်းကောင်းနဲ့ ကောင်းကျိုးအဖြာဖြာရစေမယ့် အသိပညာတွေကို၊ နည်းနာနိဿယ အတတ်ပညာတွေကို သင်က မျှဝေလိမ့်မယ်လို့ နှစ်သက်လိုလားယုံကြည်လေးစားတဲ့ ပရိသတ်နဲ့ဆုံတွေ့ပါစေ။

# ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သည့် နွေစပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး သြဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၈၂၃၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၈၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နွေစပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာတွေ၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက်အချိန်မီရောက်ရှိဖို့ အသိပညာတွေပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးတို့အတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းဖြတ်မြို့နယ် ဟာကြားမုတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် သြဂုတ် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဟာကြားမုတိကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို သြဂုတ် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟာကြားမုတိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သိန်း ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သိန်း ၅၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

ဇင်မာ

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင်ဆန်ကွဲ အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် သြဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲ အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်၊ စပါး၊ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲ အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းနေကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဆန်ကွဲအိတ်တွေကို ဇူလိုင်လ ပထမပတ်လောက်ကနေ စတင်ပြီး ရန်ကုန်ဈေးကွက်က ဝယ်ယူအား သိသိသာသာကို ကောင်းလာခဲ့ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေအဆက်မပြတ် တင်ပို့ရောင်းချနေရပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။



ကျုံပျော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ရမည်းသင်းမြို့နယ် ဆည်တိုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရမည်းသင်း သြဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်တိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦး ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆည်တိုကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ညောင်လေးပင်မြို့နယ် ဇီးကန်(အရှေ့)ကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် သြဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကန်(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဇီးကန်(အရှေ့)ကျေးရွာတွင် အရှည် ၁၁၆၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဇီးကန်(အရှေ့) ကျေးရွာ၌ အဆိုပါကျေးရွာတွင်း ဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၉၇ သိန်း အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ရုရှားနိုင်ငံ အရှေ့ပိုင်းရှိ ကမ်ချက်တာဒေသတွင် ငလျင်လှုပ်ခတ်ခဲ့ပြီး Krasheninnikov မီးတောင် ပေါက်ကွဲခဲ့



**မော်စကို ဩဂုတ် ၄**

ရုရှားနိုင်ငံအရှေ့ပိုင်းရှိ ကမ်ချက်တာဒေသတွင် ဩဂုတ် ၃ ရက်က ပြင်းအား ၇ မဂ္ဂနီကျူရှိ ငလျင်ထပ်မံလှုပ်ခတ်ခဲ့ပြီး Krasheninnikov မီးတောင် ပေါက်ကွဲခဲ့သည်ဟု နိုင်ငံအရေးပေါ်ဝန်ဆောင်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ကမ်ချက်တာကျွန်းဆွယ်မှ ကာရေးကျွန်းစုများတစ်လျှောက်တွင် ဆူနာမီလှိုင်းဖြစ်နိုင်ခြေ များလာသဖြင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အဆိုပါဒေသရှိ အမြင့်ဆုံးမီးတောင်များထဲမှ တစ်ခုဖြစ်သော Krasheninnikov မီးတောင်လည်း ပေါက်ကွဲခဲ့ကြောင်း နိုင်ငံအရေးပေါ်ဝန်ဆောင်မှု ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"Krasheninnikov မီးတောင် ငြိမ်သက်နေတာအတော်ကြာပါပြီ။ ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်ယံတွေဆက်တိုက်လှုပ်ခတ်ခဲ့တဲ့အတွက် အခုလိုပေါက်ကွဲခဲ့တာဖြစ်ပါတယ်။ ဒါဟာ နှစ်ပေါင်း ၆၀၀ အတွင်းမှာ ပထမဆုံးပေါက်ကွဲမှုဖြစ်ခဲ့တာပါ"ဟု ရုရှားနိုင်ငံ ကမ်ချက်တာဒေသမီးတောင်ပေါက်ကွဲမှုတုံ့ပြန်ရေးအဖွဲ့မှ တာဝန်ရှိသူ အော်ဂါဂီရီနာက ပြောကြားသည်။

လက်ရှိ ငလျင်လှုပ်ခတ်မှုနှင့် မီးတောင်ပေါက်ကွဲမှုတို့ကြောင့် အဆိုပါဒေသနယ်နိမိတ်နှင့် ထိစပ်နေသည့် ပြင်သစ်နိုင်ငံနှင့် ချီလီနိုင်ငံတို့ထိပါ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ ထို့ပြင် လာမည့်ရက်သတ္တပတ်များစွာအတွင်း ၎င်းဒေသတွင်း ငလျင်လှုပ်ခတ်မှုများ ထပ်မံဖြစ်နိုင်သည့်အပြင် ဆူနာမီလှိုင်းပါ ဖြစ်လာနိုင်အတွက် ဒေသခံများနှင့် ခရီးသွားများကို သတိပြုနေထိုင်ကြရန်နှင့် နိုင်ငံပိုင် သတင်းမီဒီယာများ၏ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ညွှန်ကြားချက်များကိုလည်း အမြဲမပြတ်စောင့်ကြည့်နားစွင့်ထားရန် လိုကြောင်း ရုရှားနိုင်ငံ ဘူမိဗေဒနှင့် သိပ္ပံပညာရှင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# စပိန်နိုင်ငံ တောမီးငြိမ်းသတ်ရေးတွင် အကူအညီပေးရန် အက်စတိုးနီးယားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်လျက်ရှိ

**မက်ဒရစ် ဩဂုတ် ၄**

စပိန်နိုင်ငံ တောမီးငြိမ်းသတ်ရေးတွင် အကူအညီပေးရန် အက်စတိုးနီးယားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်လျက်ရှိသည်ဟု အက်စတိုးနီးယားနိုင်ငံ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

စပိန်နိုင်ငံ တောမီးငြိမ်းသတ်ရေးတွင်အကူအညီပေးရန်အတွက် အက်စတိုးနီးယားနိုင်ငံမှ ကယ်ဆယ်ရေးပထမအဖွဲ့ကို ဩဂုတ် ၁ ရက်တွင်စေလွှတ်ထားပြီး ဒုတိယအဖွဲ့ကိုမူ ဩဂုတ် ၁၇ ရက်တွင် စေလွှတ်သွားမည်ဖြစ်ကာ အဖွဲ့တစ်ဖွဲ့စီတွင် အဖွဲ့ဝင်ဦးရေ ၂၀ စီပါဝင်ကြောင်း သိရသည်။

စပိန်နိုင်ငံသည် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများစွာဖြစ်ပွားခဲ့ပြီး အကြိမ်ရေအားဖြင့် ၃၃၀၀ ကျော် လောင်ကျွမ်းခဲ့ကြောင်း၊ အဆိုပါတောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောဧရိယာဟက်တာ ၂၀၀၀၀ ကျော်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ထိုသို့တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်နေသော စပိန်နိုင်ငံ၏ တောမီးငြိမ်းသတ်ရေးတွင် အကူအညီပေးရန် ဥရောပသမဂ္ဂ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အက်စတိုးနီးယား ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ပထမအဖွဲ့သည် Castilla-La Mancha ဒေသတွင် ဩဂုတ် ၁ ရက်မှ ၁၆ ရက်ထိ တောမီးငြိမ်းသတ်ရေးတွင် အကူအညီပေးသွားမည်ဖြစ်ပြီး ဒုတိယအဖွဲ့သည် ဩဂုတ် ၁၇ ရက်မှ ၃၀ ရက်ထိ Galicia ဒေသ တောမီးငြိမ်းသတ်ရေးတွင် အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# တရုတ်(တိုင်ပေ)တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံလေးဦးသေဆုံးကာ လူဦးရေ ၅၉၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**တိုင်ပေ ဩဂုတ် ၄**

တရုတ်(တိုင်ပေ) တောင်ပိုင်းတွင် ဩဂုတ် ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံလေးဦး သေဆုံးခဲ့ကာ လူဦးရေ ၅၉၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေချိန်မှာ ၁၀၂ ဒသမ ၃ လက်မထိ မြင့်တက်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှု ဖြစ်ပွားနေသော ဧရိယာအတွင်း ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ထားပြီး တာဝန်ရှိသူများကလည်း ရေဘေးသင့်ပြည်သူများကို သွားရောက်အကူအညီ ပေးနေကြောင်း သိရသည်။

"မုန်တိုင်းအန္တရာယ်နဲ့ မကြာခဏ ရင်ဆိုင်ခဲ့ဖူးပေမဲ့လဲ အခုလိုမိုးရွာသွန်းမှုမျိုးကတော့ မကြုံဖူးပါဘူး။ မိုးရွာသွန်းပြီး အချိန်တိုအတွင်း ရေဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့တယ်။ ရေဘေးအန္တရာယ် အရေးပေါ်သတိပေးချက်ထုတ်ပြန်ထားပါတယ်။ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ လေးယောက်ရှိခဲ့ပြီး ပျောက်ဆုံးနေသူ သုံးယောက်ရှိပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူကတော့ ၇၇ ယောက်ရှိခဲ့ပြီးတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အယောက် ၅၉၀၀ ကျော် ရှိနေပြီဖြစ်ပါတယ်။ အရေးပေါ်အခြေအနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါနက်စ်တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်ခဲ့ပြီးတဲ့ နောက်ပိုင်းမှာ မကြာခဏဆိုသလို မိုးရွာသွန်းမှုဖြစ်ပေါ်နေတဲ့အတွက် ရေဘေးအန္တရာယ်နဲ့ ကာလရှည်ရင်ဆိုင်ရနိုင်တယ်"ဟု တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင့်မြို့တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အရေးပေါ်သတိပေးချက်ထုတ်ပြန်

**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံအနောက်တောင်ဘက်ပိုင်းဒေသများတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားကြောင်း တရုတ်နိုင်ငံအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းနေသည့် အနောက်တောင်ဘက်ပိုင်းဧရိယာများအနက် ချုံချင့်မြို့တွင် အပူချိန်အမြင့်ဆုံးပမာဏသို့ ရောက်ရှိနေပြီး အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း၊ အပူချိန်မြင့်တက်မှုအရေးပေါ်အခြေအနေသတ်မှတ်လိုက်သည့်အတွက်ကြောင့် ချုံချင့်မြို့တွင် အမိုးအကာမရှိသည့် နေရာများတွင် အလုပ်လုပ်ကိုင်နေရသည့်လုပ်သားများကို အနားပေးရန်လည်း လုပ်ငန်းရှင်များအား ညွှန်ကြားထားကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ချုံချင့်မြို့မှာ အပူချိန်မြင့်တက်နေပါတယ်။ အပူချိန်မြင့်တက်မှုဟာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အဆင့်ဖြစ်ပါတယ်။ အများပြည်သူတွေ ကျန်းမာရေးနဲ့ညီညွတ်စွာနားခိုနိုင်ဖို့ အပူအအေးမျှတဲ့ ယာယီရှက်ဖျင်တဲတွေတည်ဆောက်ပေးနေပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ချုံချင့်မြို့တွင် အပူချိန်ပမာဏမြင့်တက်နေပြီး အပူချိန်ဆက်လက် မြင့်တက်လာနိုင်ဖွယ်ရှိနေသည်ဟု တရုတ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# လစ်တယ်ကွာလီကမ်ကျေးလက်ဒေသတွင် တောမီးကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ထား

**အော့တဝါ ဩဂုတ် ၄**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် နာမိုင်မိုနယ်မြေ လစ်တယ်ကွာလီကမ် ကျေးလက်ဒေသတွင် တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗြိတိသျှကိုလံဘီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားကြောင်း ဩဂုတ် ၃ ရက် သတင်းများတွင်ဖော်ပြထားသည်။

နာမိုင်မိုနယ်မြေတွင် လစ်တယ်ကွာလီကမ်ကျေးလက်ဒေသအပြင် နာမိုင်မိုနယ်မြေဧရိယာအတွင်း နေရာတချို့တွင် တောမီးကူးစက် လောင်ကျွမ်းမှုဖြစ်ပေါ်နေကြောင်း၊ သို့သော်လည်း လစ်တယ်ကွာလီကမ်ကျေးလက်ဒေသတွင် လောင်ကျွမ်းနေသည့် တောမီးလောင်ကျွမ်းမှုမှာ အန္တရာယ်အရှိဆုံးသော တောမီးလောင်ကျွမ်းမှုဖြစ်ပြီး တောမီးအန္တရာယ်ရှိသည့် အမှတ် (၁၉) အဝေးပြေးလမ်းမကြီးနှင့် အမှတ် (၄) လမ်းမကြီးကို ယာယီပိတ်ထားရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တောမီးကိုငြိမ်းသတ်နိုင်ရေးအတွက် အင်အားသုံးကြိုးစားနေသော်လည်း မြေပြင်မှ တောမီးကို သွားရောက်ငြိမ်းသတ်ရန် ကန့်သတ်ချက်များရှိနေသည့်အတွက် လေကြောင်းအကူအညီကို ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

"နာမိုင်မိုနယ်မြေမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ လစ်တယ်ကွာလီကမ်ကျေးလက်ဒေသတွေမှာတော့ တောမီးဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးကိုထိန်းချုပ်နိုင်ဖို့အတွက် ခက်ခဲနေတဲ့အခြေအနေဖြစ်ပါတယ်။ တောမီးကိုအမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက်လဲ မီးသတ်တပ်ဖွဲ့ဝင် အင်အားအမြောက်အမြား သုံးထားပါတယ်။ ဒါပေမဲ့လဲ တောမီးစတင်လောင်ကျွမ်းတဲ့နေရာက မြေပြင်ကနေ သွားရောက်ငြိမ်းသတ်ဖို့အတွက် ခက်ခဲတဲ့အခြေအနေဖြစ်တဲ့အတွက်ကြောင့် လေကြောင်းအကူအညီကို ရယူသွားရမှာဖြစ်ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းနေတဲ့ ဧရိယာအတွင်းက လမ်းမကြီးတချို့ကိုလဲ ယာယီပိတ်ထားရပါတယ်"ဟု ဗြိတိသျှကိုလံဘီယာ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်တပ်မတော်၏ အာကာသစစ်ဆင်မှုစွမ်းရည်တည်ဆောက်မှု

မောင်ဝေလွမ်း(သုတေသီ)

တရုတ်တပ်မတော်သည် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့်အတူတပ်မတော်ကိုလည်း ခေတ်မီစစ်ဆင်မှုသဘောတရားများ ဆင်နွှဲနိုင်သည့် တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်က မဟာဗျူဟာအထောက်အကူပေး တပ်ဖွဲ့အဖြစ်ဖွဲ့စည်းခဲ့သည့် တပ်ဖွဲ့အောက်တွင် ဆိုက်ဘာ၊ သတင်းစစ်ဆင်မှု၊ အီလက်ထရွန်နစ် စစ်ဆင်မှုတပ်ဖွဲ့များပါဝင်ခဲ့သည်။ ယခုအခါ ၎င်းအဖွဲ့များကို ၂၀၂၄ ခုနှစ် ဧပြီလတွင် ဖျက်သိမ်းခဲ့ပြီး အာကာသတပ်ဖွဲ့ (Aerospace Force-ASF) သည် တရုတ်ဗဟိုစစ်ကော်မရှင် တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရောက်ရှိခဲ့သည်။ အာကာသတပ်ဖွဲ့သည် တရုတ်မတော်၏ အာကာသယာဉ်လွှတ်တင်ခြင်းနှင့် အထောက်အကူပြုခြင်း၊ အာကာသစောင့်ကြည့်ခြင်း၊ အာကာသသတင်းအချက်အလက် အထောက်အပံ့ပြုခြင်း၊ အာကာသဆက်သွယ်ခြင်း၊ ခြေရာခံခြင်း၊ ထိန်းချုပ်ခြင်းနှင့် အာကာသစစ်ဆင်မှုတို့အတွက် တာဝန်ရှိသည်။

**အာကာသစနစ်ဆိုင်ရာ ကနဦးဆောင်ရွက်ချက်**

တရုတ်နိုင်ငံ၏ အာကာသလှုပ်ရှားမှုများသည် မော်စီတုန်း၏ ဗုံးနှစ်မျိုး (Two Bombs) တီထွင်ထုတ်လုပ်ရေးမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဗုံးတစ်မျိုးမှာ နျူကလီးယားဗုံး တီထွင်ထုတ်လုပ်ရေးဖြစ်ပြီး အခြားတစ်မျိုးမှာ ဂြိုဟ်တုတီထွင်ရေးဖြစ်သည်။ ထို့ကြောင့် မော်စီတုန်းဦးဆောင်သည့် တရုတ်ဗဟိုစစ်ကော်မရှင်သည် ၁၉၅၆ ခုနှစ်တွင် ဒုံးကျည်နှင့်အာကာသယာဉ်များ လွှတ်တင်မှုကို ကြီးကြပ်ရန် ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် ပဉ္စမမြောက်သုတေသနအကယ်ဒမီကို ဖွဲ့စည်းခဲ့သည်။ ထိုအကယ်ဒမီဖွဲ့စည်းခြင်းသည် တရုတ်နိုင်ငံ၏ အာကာသအစီအစဉ် စတင်မှုဖြစ်သည်။

ထို့ပြင် ဒုံးကျည်နှင့်ဂြိုဟ်တုကိစ္စရပ်တို့သည် နီးကပ်စွာဆက်နွှယ်လျက်ရှိသည်။ ၁၉၇၀ ပြည့်နှစ်က တရုတ်နိုင်ငံသည် Dong Feng 4 တိုက်ချင်းပစ်ဒုံးကျည်ကိုအခြေပြု၍ ၎င်း၏ ပထမဆုံးဂြိုဟ်တုကို လွှတ်တင်ခဲ့သည်။ ၂၀၁၆ ခုနှစ် တရုတ်နိုင်ငံအာကာသစက္ကူဖြူစာတမ်းတွင် ဂြိုဟ်တုနှင့်လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်မှုသာမက နျူကလီးယားဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးများနှင့် ဒုံးကျည်များပါ ပါဝင်ခဲ့သည်။ ဤအချက်က တရုတ်နိုင်ငံ၏ အာကာသအစီအစဉ်နှင့် စစ်ရေးလှုပ်ရှားမှုများက ဆက်နွှယ်လျက်ရှိသည်ကို ရှင်းရှင်းလင်းလင်းပြသလျက်ရှိသည်။

တရုတ်နိုင်ငံသည် စစ်ရေးရည်ရွယ်ချက်အတွက် ဂြိုဟ်တုများအသုံးပြုမှုကို ပထမဆုံးဂြိုဟ်တုလွှတ်တင်ပြီးနောက် မကြာမီစတင်ခဲ့သည်။ အထူးသဖြင့် အခြားနိုင်ငံကိုကင်းထောက်မှု ဆောင်ရွက်ရန်အတွက် ပြန်လည်ဆယ်တင်နိုင်သည့် ဂြိုဟ်တုကို အသုံးပြုခဲ့သည်။ မစ်ရှင်အဆုံးတွင် ဂြိုဟ်တုသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဆယ်တင်ယူခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပွဲဦးထွက်ပျံသန်းမှုသည် မအောင်မြင်ဘဲ အဆုံးသတ်ခဲ့သော်လည်း ၎င်းနောက်တွင် ဂြိုဟ်တုသည် အောင်မြင်စွာဆင်းသက်ခဲ့သည်။ ထိုသို့ဆင်းသက်နိုင်ခြင်းဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အာကာသမှ ရုပ်မြင်မှတ်တမ်း (film capsule) ကို အောင်မြင်စွာရယူနိုင်သည့် တတိယမြောက်နိုင်ငံဖြစ်လာခဲ့သည်။ အမေရိကန်နှင့်ရုရှားတို့သည် ၎င်းကဲ့သို့သော အောင်မြင်မှုကို ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၆၂ ခုနှစ်တို့တွင် အသီးသီး ရရှိခဲ့သည်။

**ခေတ်သစ်စစ်ဆင်မှု လိုက်လျောညီထွေဖြစ်ရန် ကြိုးပမ်းလာမှု**

သို့သော်လည်း တရုတ်တပ်မတော်တွင် အာကာသအစီအစဉ်၏ စစ်ဘက်ဆိုင်ရာတန်ဖိုးကို ၁၉၉၀ ပြည့်နှစ်ကျမှသာ ကျယ်ပြန့်စွာသိရှိလာကြသည်။ ၁၉၇၉ ခုနှစ်ကတည်းက အဓိက စစ်ဖြစ်ပွားခြင်းမရှိသော တရုတ်နိုင်ငံသည် ခေတ်သစ်စစ်ဆင်မှုများ၏ သွင်ပြင်များကိုအကဲဖြတ်ရန် အခြားနိုင်ငံများအပေါ် လေ့လာစောင့်ကြည့်မှုပြုလုပ်ခဲ့ပြီး ၎င်းကဲ့သို့သော စစ်ပွဲများကိုအနိုင်ရရန် လိုအပ်သည့်စစ်ရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရေးကိုကြိုးပမ်းခဲ့သည်။ အထူးသဖြင့် ၁၉၉၀ ပြည့်နှစ်များတွင် အမေရိကန်၏ ကြီးမားသည့်စစ်ဆင်ရေးများက တရုတ်တပ်မတော်အတွက် သိသာထင်ရှားသည့် သင်ခန်းစာများကို ပေးစွမ်းခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် တရုတ်ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌသည် အဆင့်မြင့်နည်းပညာသုံးအခြေအနေတွင် ဒေသတွင်းပဋိပက္ခများအနိုင်ရရှိစေမည့် ချဉ်းကပ်မှုတစ်ခုကိုစတင်ခဲ့ပြီး သတင်းနည်းပညာခေတ်တွင် ဒေသတွင်းပဋိပက္ခများကို အနိုင်ရရှိစေမည့် စစ်ရေးစွမ်းရည်တည်ဆောက်ရေးရည်ရွယ်မှုကို ကြေညာခဲ့သည်။

ဤသို့ဖြင့် တရုတ်နိုင်ငံသည် မကြာသေးသည့်နှစ်များမှစ၍ အာကာသစွမ်းရည်များတိုးတက်မြင့်မားရေးကို အာရုံစိုက်လုပ်ဆောင်လာခဲ့သည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် အစိုးရဖွဲ့စည်းဆောင်ရွက်ကတည်းက အာကာသလှုပ်ရှားမှုများကို ပြန်လည်အားသစ်လောင်းရေးအတွက် အောင်မြင်မှုနည်းလမ်းတစ်ရပ်အဖြစ် ယူဆခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က အာကာသအစီအစဉ်ဖွံ့ဖြိုးပြီး နိုင်ငံကို အာကာသအင်အားကြီးနိုင်ငံတစ်ခုအဖြစ်ပြောင်းလဲခြင်းသည် အာကာသအိပ်မက်တစ်ခုဖြစ်ပြီး ၎င်းအာကာသအိပ်မက်သည် တရုတ်နိုင်ငံကို အင်အားခိုင်မာအားကောင်းစေရန် အိပ်မက်အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ဆိုခဲ့သည်။

အာကာသစွမ်းအားသည် တရုတ်နိုင်ငံအတွက် ထူးခြားသည့် အယူအဆတစ်ခုဖြစ်ပြီး အဓိက အာကာသစွမ်းအားပိုင်နိုင်ငံနှင့် အဓိပ္ပာယ်ကွဲပြားခြားနားလျက်ရှိသကဲ့သို့ စစ်ရေးအတွက် အထူးရည်ရွယ်မှုလည်းမဟုတ်ပေ။ ၂၀၁၇ ခုနှစ် အတွင်းက တရုတ်လေကြောင်းအာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းဘုတ်အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ Lei Fanpei က တရုတ်နိုင်ငံသည် အဓိက အာကာသစွမ်းအားပိုင်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း အာကာသအင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိခြင်းမရှိသေးကြောင်း မှတ်ချက်ပြုဖော်ပြခဲ့သည်။ ၎င်းကအာကာသယာဉ် ၂၀၀ ကျော် လုပ်ဆောင်မှုနှင့် ၂၀၃၀ ပြည့်နှစ်အတွင်းနှစ်စဉ် အာကာသယာဉ် ၃၀ ခန့်စေလွှတ်ခြင်းဖြင့် တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂထက် ကျော်လွန်ကာ ကမ္ဘာ့အာကာသအင်အားကြီးနိုင်ငံအဆင့်သို့ ချဉ်းကပ်လိမ့်မည်ဟု ဆိုခဲ့သည်။ ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံကို ကျော်လွန်ကာ ကမ္ဘာလုံးဆိုင်ရာ အာကာသ အင်အားကြီးနိုင်ငံများစာရင်းသို့ ဝင်ရောက်ပြီး ၂၀၄၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်ယှဉ်ကာ ၎င်းကိုယ်တိုင်ပြီးပြည့်စုံသည့် အာကာသအင်အားကြီးနိုင်ငံတစ်ခုကဲ့သို့ တည်ဆောက်လိမ့်မည်ဟု ဆိုခဲ့သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်သည် တရုတ်နိုင်ငံ၏ အာကာသလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လျက်ရှိပြီး စစ်ရေးနှင့် အာကာသကိုခွဲခြားမရစေရန်ဖြစ်စေသည်။ ထို့ပြင် ၂၀၁၉ ခုနှစ် အမျိုးသားကာကွယ်ရေး စက္ကူဖြူစာတမ်းက စစ်ပွဲသည် သတင်းစနစ်အခြေခံသည့်စစ်ဆင်မှုသို့ ပြောင်းလဲတိုးတက်လာနေကြောင်း၊ မှတ်ဉာဏ်အခြေပြုစစ်ဆင်မှုသည် ပုံစံတစ်ခုအဖြစ် ပြောင်းလဲရန် စတင်နေပြီဖြစ်ကြောင်း၊ မှတ်ဉာဏ်အခြေပြုစစ်ဆင်မှုကိုမြေပြင်၊ ရေပြင်၊ ဝေဟင်၊ အာကာသ၊ လျှပ်စစ်သံလိုက်၊ ဆိုက်ဘာနယ်ပယ်တွင် မှတ်ဉာဏ်အသုံးပြုသည့်ပေါင်းစစ်ဆင်မှုတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ အာကာသကို ၎င်းကဲ့သို့သော စစ်ဆင်မှုပြီးမြောက်ရေးအတွက် မဖြစ်မနေလိုအပ်သောနယ်ပယ်တစ်ခုအဖြစ် ဆက်လက်ယူဆထားကြောင်းဖော်ပြခဲ့ပါသည်။



ဂြိုဟ်ပတ်လမ်းရှိ တရုတ်နိုင်ငံ၏ Tiangong အာကာသစခန်းကို တွေ့ရစဉ်။

တရုတ်နိုင်ငံသည် ၂၀၄၅ ခုနှစ်တွင် ပြီးပြည့်စုံသည့်အာကာသအင်အားကြီးနိုင်ငံတစ်ခုဖြစ်လာစေရန် ရည်မှန်းထားပြီး အာကာသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသုံးချရေးကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။ ၎င်းအခြေအနေကို နောက်ခံပြု၍ တရုတ်နိုင်ငံက အသုံးပြုသည့်ဂြိုဟ်တုအရေအတွက်သည် ဖြည်းဖြည်းချင်းကြီးထွားလာနေသည်။ ကမ္ဘာတစ်ဝန်း၌ ဂြိုဟ်တု ၂၆၆၆ စင်းရှိနေချိန်တွင် တရုတ်နိုင်ငံသည် ဂြိုဟ်တု ၁၃၂၇ စင်းအသုံးပြုသည့် အမေရိကန်ပြီးပါက ဒုတိယအများဆုံးအသုံးပြုသည့် နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံသည် ဂြိုဟ်တု ၁၆၉ စင်းကို အသုံးပြုလျက်ရှိသည်။ တရုတ်ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် တရုတ်တပ်မတော်က အသုံးပြုသည့် ဂြိုဟ်တုများသည် ကမ္ဘာမြေစောင့်ကြည့်လေ့လာရေး ဂြိုဟ်တု ၆၅ စင်း၊ ဆက်သွယ်ရေးဂြိုဟ်တုသုံးစင်းနှင့် တည်နေရာ၊ လမ်းညွှန်နှင့်အချိန်သတ်မှတ်မှုအတွက် အသုံးပြုသည့် ဂြိုဟ်တု ၄၉ စင်းခန့်ရှိသည်။

ယခုအခါ တရုတ်နိုင်ငံသည်ဆက်သွယ်ရေးနှင့် ထောက်လှမ်းရေးဂြိုဟ်တုများနည်းတူ BeiDou လမ်းကြောင်းပြ ဂြိုဟ်တုစနစ်များအပါအဝင် အာကာသစနစ်များတွင် အရေအတွက်နှင့်စွမ်းရည်များတိုးမြင့်လာနေသည်။ အာကာသတပ်ဖွဲ့သည် အနည်းဆုံးအခြေစိုက်စခန်းရှစ်ခုဖြင့် လုပ်ဆောင်ပြီး ၎င်းတွင် တရုတ်နိုင်ငံ၏ C4ISR တည်ဆောက်မှုအားသာစေသည့် အလွန်အမင်းအရေးကြီးသော ဂြိုဟ်တုခြေရာခံမှု၊ သုတေသနပြုမှုနှင့်လွှတ်တင်မှုများပါဝင်သည်။ အာကာသတပ်ဖွဲ့သည်ဂြိုဟ်တုနှင့် တိုက်ချင်းပစ်ဒုံး(ICBM)များ ပစ်လွှတ်မှုကို ခြေရာခံသည့် Yuanwang အာကာသအထောက်အကူပြုသင်္ဘောကိုလည်း အသုံးပြုလျက်ရှိသည်။

**ပြန်လည်အသုံးပြုနိုင်သည့် အာကာသယာဉ်**

ပြန်လည်အသုံးပြုနိုင်သည့် အာကာသယာဉ် (Reusable Spacecraft) နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် သမ္မတရှီကျင့်ဖျင်၏ အာကာသအသာစီးရရှိရေး ရည်မှန်းချက် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံ၏ အာကာသစက်မှုလုပ်ငန်းသည် ပြန်လည်အသုံးပြုနိုင်သည့် အာကာသလွှတ်တင်ယာဉ် (Reusable space launch vehicle-SLV) ထုတ်လုပ်မှုတွင် အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်ရန်ဖြစ်သည်။ အမေရိကန် Space-X ၏ Falcon -9နှင့်ဆင်တူသည့် အကြီးစား Hyperbola-3B ယာဉ်ကို ၂၀၃၀ ပြည့်နှစ်တွင် လွှတ်တင်ရန်ဖြစ်သည်။ တရုတ်နိုင်ငံသည် Spacesailစီမံကိန်းကို ၂၀၂၃ ခုနှစ်တွင်စတင်ခဲ့ပြီး ပထမအဆင့်အဖြစ် ၂၀၂၅ ခုနှစ်အတွင်း ဂြိုဟ်တု ၆၄၈ စင်းလွှတ်တင်ရန်၊ ဒုတိယအဆင့်တွင် ၆၄၈ စင်းလွှတ်တင်ရန်နှင့်တတိယအဆင့်တွင် မိုဘိုင်းဖုန်းများဖြင့် တိုက်ရိုက်ချိတ်ဆက်ပြီး ဂြိုဟ်တုစင်းရေ ၁၅၀၀၀ လွှတ်တင်ရန် စီစဉ်ထားသည်။

အချုပ်ဆိုရသော် တရုတ်နိုင်ငံသည် စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံးနိုင်သည့် အာကာသအစီအစဉ်ဖော်ဆောင်မှုတွင် အရှိန်အဟုန်ကောင်းရရှိနေပြီဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်းတွင် အာကာသအတွင်းလွှတ်တင်မှု ၆၆ ကြိမ်လွှတ်တင်ခဲ့ပြီး ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဂြိုဟ်တု ၂၁၇ စင်းလွှတ်တင်ခဲ့သည်။ အာကာသအတွင်းလွှတ်တင်ထားသည့် တရုတ်တပ်မတော်၏ အာကာသစနစ်များသည် ပြိုင်ဘက်တပ်မတော်များ၏ လှုပ်ရှားမှုများကိုကောင်းစွာစောင့်ကြည့်နိုင်စွမ်းရှိပြီဖြစ်သည်။ တရုတ်နိုင်ငံသည် အမြင့်ကီလိုမီတာ ၃၆၀၀၀ ရှိ ဂြိုဟ်ပတ်လမ်းအတွင်း ဂြိုဟ်တုများကိုဖျက်ဆီးနိုင်သည့် ဂြိုဟ်တုဖျက်ဒုံးလက်နက်စွမ်းရည်ကိုလည်း မြှင့်တင်ထားသည့်အပြင် အာကာသပတ်လမ်းအတွင်း ဂြိုဟ်ပတ်လမ်းအတွင်း ဂြိုဟ်တုများစစ်ဆေးခြင်းနှင့် ပြုပြင်ခြင်းစနစ်ကိုလည်း တီထွင်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ အာကာသစွမ်းရည်မြင့်မားရေးကြိုးပမ်းမှုများသည် မကြာမီကာလတွင် ပြိုင်ဘက်များအပေါ် ကောင်းစွာထိုးနှက်နိုင်စွမ်းရှိလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

(1) NIDS China Security Report 2021, China Military Strategy in the New Era, NIDS, Japan

(2) Military and Security Development Including People Republic of China 2024, US Department of Defence

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



မြောင်းမြ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၂၆၀၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ အထွက်နှုန်း တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

''ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ဧက ၂၆၀၀ စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ လက်ရှိ ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးစီးပြီး ဖြစ်တဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိသွားရောက်ပြီး တောင်သူတွေနဲ့ တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ တောင်သူတွေက စိုက်ပျိုးတဲ့သီးနှံတွေ အထွက်နှုန်းကောင်းစေဖို့ မျိုးစေ့တွေ အသုံးပြုတာမှန်ကန်စေဖို့ တောင်သူအသိပညာပေး လုပ်ငန်းတွေမှာ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးမှုတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သခွားသီး၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုဇွန် စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ပြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြည် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းကြီးကျေးရွာနှင့် ပိန်းတောကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကုန်းကြီးကျေးရွာနှင့် ပိန်းတောကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းချေးငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ငွေစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်းကြီးကျေးရွာနှင့် ပိန်းတောကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၄၃ ဒသမ ၇၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ဒသမ ၆၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၄၄ သန်းကို ထုတ်ချေးထားပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချို့လေး

**စာပေမြင့်မှ လူမျိုးတင့်မည်**






# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)



CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

## 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဖခင်အမည်မှန်

မလှိုင်မြို့၊ I.C(Academic)ကပက၊ Grade-10 မှ မောင်ကျော်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်ဝင်း(၉/မလန(နိုင်)၁၂၇၈၈၃) ဖြစ်ပါကြောင်း။

ဦးနိုင်ဝင်း(၉/မလန(နိုင်)၁၂၇၈၈၃)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မိုးသောက်ပန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ဘုန်းမြတ်သီဟ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်သူယျဖြစ်ပါကြောင်း။

ဦးကျော်သူယျ(၂/လကန(နိုင်)၀၆၈၆၇၈)

## မိဘအမည်မှန်

မလှိုင်မြို့၊ အထက(ခွဲ)ထန်းပင်ကန်၊ Grade-5 မှ မောင်ရဲထက်မြတ်၏ဖခင်နှင့် မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းဆွေနှင့် ဒေါ်ဆန်းနွယ်ဦးဖြစ်ပါကြောင်း။

ဦးဝင်းဆွေ(၉/မလန(နိုင်)၀၉၇၂၀၅)
ဒေါ်ဆန်းနွယ်ဦး(၉/မလန(နိုင်)၁၈၄၅၃၂)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာနိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

❖ **မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၉၄ နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် အပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် အမြန်လမ်းမကြီးရှိ ဆောက်လုပ်ရေးရိပ်သာသို့ ခေတ္တရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ်ပေ ၂၀၀ အတွင်း အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်လိုကြောင်း၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## စစ်တောင်းမြစ်ရေ၊ ရွှေကျင်မြစ်ရေနှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲ ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။